မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၆)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နိုင်ငံတော်သမ္မတက တင်ပြလာသည့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမဥက္ကဋ္ဌကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၁၆)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတ၏ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၂) အရေးပေါ် အခြေအနေကြေညာခြင်း**နှင့် စပ်လျဉ်း၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန်၊ ဘူးသီးတောင် မဲဆန္ဒနယ်မှ ဦးရွှေမောင်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးငွေဝင်းတို့က ထောက်ခံဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ၏ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၂)အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် **နိုင်ငံတော်သမ္မတက တင်ပြလာသည့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ရေးကိစ္စရပ်များ**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်နှင့် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေတို့က ဘော့စနီးယားဟာဇီဂိုဗီးနားနိုင်ငံ၊ မာလာဝီနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ လူဇင်ဘတ်နိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ အက်စ်တိုးနီးယားနိုင်ငံနှင့် ဒိုမီနီကန်သမ္မတနိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေးထူထောင်ရန် သင့်လျော်ပါကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အကျိုးကျေးဇူးများနိုင်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်ပြီး တတိယနေ့ အစည်းအဝေးကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၂) အရေးပေါ်အခြေအနေကြေညာခြင်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် **နိုင်ငံတော်သမ္မတက တင်ပြလာသည့် နိုင်ငံခြားတိုင်းပြည်များနှင့် သံတမန်ဆက်သွယ်ရေးကိစ္စရပ်များ**နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အိုင်တီနည်းပညာ

ပေကျင်း ဇူလိုင် ၁၆

➤ ကောင်းမြတ်သူ - ရေးသားသည် ➤

မိုဘိုင်းလ်အင်တာနက်အသုံးပြုသူ တရုတ်နိုင်ငံ၌ များပြားလာ

တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုမှုသည် **(ယာပုံ)** လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း၊ လာမည့်သုံးနှစ်အတွင်း ပီစီကွန်ပျူတာများမှတစ်ဆင့် အင်တာနက်အသုံးပြုမှုကို ကျော်လွန်၍ မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် အင်တာနက်အသုံးပြုမှု ပိုမိုများပြားလာလိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

ဆဲလ်ဖုန်းများမှတစ်ဆင့် အင်တာနက်အသုံးပြုမှု များလာသဖြင့် မိုဘိုင်းလ်အင်တာနက်စနစ်အဖြစ် ပြောင်းလဲလာကြောင်း၊ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံတွင် အင်တာနက်အသုံးပြုမှုမှာ ရေပန်းစားလာကြောင်း ပေကျင်းဆက်သွယ်ရေးလုပ်ငန်းအသင်းက ကြီးမှူးကျင်းပသော အစည်းအဝေး၌ ကျွမ်းကျင်သူများက ပြောကြားသည်။

တရုတ်နိုင်ငံ၏ မိုဘိုင်းလ်အင်တာနက်အသုံးပြုမှုသည် တိုးတက်များပြားလာသည့် ကာလအပိုင်းအခြားတစ်ခုသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုဘိုင်းလ်အင်တာနက် ***စာမျက်နှာ ၈ ကော်လံ ၅*** ❍

အသွင်ဆန်းသည့် စစ်ကျန် ဖော်ဒန်ဘတ်စ်ကား

ရန်ကုန် ဇူလိုင် ၁၆

သတင်းနှင့်ဓာတ်ပုံ - ကိုကြီးတင်

အသစ်တွေ ဘယ်လိုကောင်းကောင်း အဟောင်းကိုတလည်လည် ဆိုသကဲ့သို့ ဇူလိုင် ၁၆ ရက် ညနေခင်း တစ်ရက် ရွှေတိဂုံဘုရား တောင်ဘက်မုခ် ကားရပ်ကွင်း၌ ဒုတိယကမ္ဘာစစ်လက်ကျန် Chevrolet (ချက်ဗလက်) ဗိုက်ပူကားကြီးတစ်စီးအား အတွင်းအပြင် အသွင်ပြောင်းထားသည်ကို

*စိတ်ဝင်စားဖွယ် တွေ့ရှိလိုက်ရသည်။ **(အပေါ်ပုံ)** စာရေးသူ၏အမြင်တွင် အသစ်အဆန်းဖြစ်နေသည်။ ရှေ့ပိုင်းအမြင်သည် ပြောင်းလဲမှုမရှိ၊ ဘေးဘော်ဒီကတော့ ဗိုက်မပူတော့၊ ကားတစ်စီးလုံး ကျစ်ကျစ်လျစ်လျစ်ရှိသည်ကတော့အမှန်။*

Elephant Coach ကားကုမ္ပဏီမှ ပြန်လည်ပြုပြင်တည်ဆောက်ထားခြင်းဖြစ်ကြောင်း ယင်းကားမောင်းသူက မြန်မာ့အလင်းသတင်းအဖွဲ့နှင့်တွေ့ဆုံခိုက် ပြောကြားခဲ့သည်။

နိုင်ငံခြားခရီးသွား ဧည့်သည်များကိုသာ ခရီးသွားကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကား၏အပြင်ပိုင်းကို သံပြား၊ ကျွန်းသားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး အကန့်အကန့်ပြတင်းပေါက်များကိုလည်း ကျွန်းသားကိုမှန်ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ကား၏ အရောင်ကို နီညိုရောင်နှင့် ရွှေဝါရောင်အကန့်ခြား၍ သုတ်ထားသည်။ အတွင်းပိုင်း၌ ကျွန်းသားများကို အောက်ခံထား၍ အပေါ်မှ ***စာမျက်နှာ ၉ ကော်လံ ၆*** ◆

ယူ-၁၉ ဥရောပချန်ပီယံရှစ်ဘောလုံးဗိုလ်လုပွဲ စပိန်က ဂရိအသင်းကိုအနိုင်ယူပြီး အောင်ပွဲခံ

ဝေယံဦး - ရေးသားသည်

တာလန်း ဇူလိုင် ၁၆

ယူ-၁၉ ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် စပိန်နှင့် ဂရိအသင်းတို့ အက်စတိုးနီးယားနိုင်ငံ တာလန်းမြို့ အားကစားရုံ၌ ဇူလိုင် ၁၆ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ စပိန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပွဲရပြီး အောင်ပွဲခံနိုင်ခဲ့ကြသည်။ **(ဝဲပုံ)** စပိန်အသင်းသည် ဂရိအသင်းကို ပွဲချိန်အတော်များများ ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း ဂရိနောက်တန်းနှင့် ဂိုးသမားတို့ ဟန့်တားကာကွယ်နိုင်မှုတို့ကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ***စာမျက်နှာ ၉ ကော်လံ ၃*** ❒

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၇ ရက်)

လူတိုင်းအတွက် လာဘ်ကြီးတစ်ပါး

လူတိုင်းသည် မွေးလာပြီးကတည်းက လာဘ်ကြီးတစ်ပါး ရရှိလာကြကုန်၏။ ထိုလာဘ်ကြီးသည် မည်သို့နည်းဟု ဆိုလာချေသော် ကုဋေကြွယ်ဝ စည်းစိမ်ဓနများလည်း မဟုတ်၊ အဖိုးထိုက်တန်လှသော စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား၊ ဂေါမုတ်တို့လည်းမဟုတ်၊ ဤဤထိုထိုအရာတို့ထက် တန်ဖိုးကြီးမားလှသည့်အရာကား ကျန်းမာခြင်းတည်းဟူသော လာဘ်ကြီးပင်ဖြစ်တော့၏။

မှန်ပေ၏။ ကျန်းမာပါမှ အလုံးစုံသော လုပ်ငန်းအဖြာဖြာတို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်၏။ ကျန်းမာခြင်းမရှိပါလျှင် အလုပ်လုပ်နိုင်ဖို့ဝေးလေစွ၊ ဆီဦးထောပတ်ကောင်းပေ့၊ ညွှန့်ပေ့ စားကောင်းသောက်ဖွယ်များပင် စားနိုင်လိမ့်မည်မဟုတ်ပေ။ ကျန်းမာခြင်းကေန်ရှိပါမှ စီးပွားရေး၊ ကြီးပွားရေးလည်း လုပ်နိုင်၏။ သားရေး၊ သမီးရေးအလုပ်ကိုလည်းလုပ်နိုင်၏။ ကျန်းမာခြင်းရှိလျှင် အရာခပ်သိမ်း ပြီးမြောက်အောင် စွမ်းဆောင်နိုင်၏။ ထို့ကြောင့် ''အာရောဂျံ ပရမံ လာဘံ'' ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုထိုက်ပါပေသည်။

ထိုလာဘ်ကြီးသည်ကား မွေးကတည်းက ပါလာကြ၏။ ဤလာဘ်ကြီးပါလာကြ၍သာ ကြွံခိုင်ဖွံ့ထွားအိုဘယ်မနုသလူသားဘဝကို ကေန်စင်စစ် ရောက်ကြရပေတော့သည်။ သို့သော် ထိုလာဘ်ကြီးရပုံချင်းကား လူတစ်ဦးနှင့်တစ်ဦး မတူကြ။ ပုဗ္ဗေစ အခြေလှကြသူများသည် ပို၍ရကြ၏။ ပုဗ္ဗေစနည်းလျှင်သာ ငယ်စဉ်အခါချူချာကြ၏။ ထို့ကြောင့် ဤလာဘ်ကြီးသည် မွေးကတည်းက လူတိုင်းရခဲ့ကြသည်ဟု ဆိုခြင်းပင်ဖြစ်၏။

မွေးလာကတည်းက သူ့အလိုလိုပါလာသည့် ဤကျန်းမာခြင်းတည်းဟူသော လာဘ်ကြီးသည်ကား ငယ်ရွယ်စဉ် လိုသလောက်ရနိုင်သော်လည်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဆုတ်ယုတ်တတ်သည့်သဘောရှိ၏။ လူငယ်လူရွယ်အများစုသည် အလကားကောက်ရသည့်ပစ္စည်း တန်ဖိုးမထားဘိသကဲ့သို့ အလေးမမူဘဲရှိကုန်၏။ အသွား မဆင်ခြင်၊ အစား မဆင်ခြင်ကြကုန်သဖြင့် ကျန်းမာခြင်းလာဘ်ကြီးသည် တဖြည်းဖြည်း ယုတ်လျော့လာသည်ကို သတိမူအပ်၏။ ဤနေရာမသွားပါနှင့်ဆိုလျှင် သွားသည်။ ထိုအစားအသောက် မစားပါနှင့်ဆိုလျှင် စားသည်။ ထို့ကြောင့် ''အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်'' ဆိုသည့်စကားအတိုင်း ဆုတ်ယုတ်ပျက်စီးခြင်းသို့ ရောက်ရလေသည်။ လူငယ် လူရွယ်ပီပီ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ခန်းများ လုပ်ရမည့်အစား အဘယ်ကြောင့် ကျန်းမာရေး ဆုတ်ယုတ်စေသည့် ဆေးလိပ်နှင့်အရက်တို့ကို တရိုက်မက်မက်ရှိကြလေကုန်သနည်း။ စဉ်းစားသင့်ပြီဖြစ်၏။

လူတိုင်းလူတိုင်းသည် ဤကျန်းမာခြင်းတည်းဟူသောလာဘ်ကြီး အစဉ်သဖြင့် ရရှိနေရန်ကား ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ နေထိုင်ပြုကျင့်ခြင်းမှတစ်ပါး အခြားမရှိပြီ။ ကျန်းမာရေးအတွက် နှစ်သက်ရာလေ့ကျင့်ခန်းတစ်ခုခုကို ပြုလုပ်သင့်သလို ကျန်းမာရေးနှင့် ညီညွတ်အောင် မျှတစွာစားသုံးသင့်ပေသည်။ ဤသို့သောနည်းဖြင့်သာ ထိုလာဘ်ကြီးကို သက်ဆုံးတိုင် ရရှိခံစားနေကြစေရန် ကြိုးစားအားထုတ်သင့်ပေသည်။ ထိုသို့မဟုတ်ဘဲ အမှုမဲ့အမှတ်မဲ့ နေထိုင်စားသောက်နေမည်ဆိုပါက ဤလာဘ်ကြီးသည် တစ်နေ့မဟုတ်တစ်နေ့ အမြန်ဆုံးဆုတ်ယုတ်ပျက်စီးပေလိမ့်မည်။

သို့ဖြစ်၍ မွေးကတည်းက မတောင့်တဘဲ ရရှိလာသည့် ဤကျန်းမာခြင်းတည်းဟူသော လာဘ်ကြီး အစဉ်ထာဝရ ရရှိစေရန်ကား လူတိုင်းပင်သတိပြုလိုက်နာသင့်၏။ မိမိကျန်းမာရေး မိမိကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာလျှင် ကျန်းမာခြင်းလာဘ်ကို အရှည်သဖြင့် ခံစားရရှိမည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

ကသာခရိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ကသာခရိုင် အင်းတော်မြို့နယ် ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်းတော်-ကသာ-မြစ်ကြီးနားလမ်း လမ်းပခုံးသားချဲ့ထွင်နေမှု၊ အင်းတော်မြို့နယ် နန်ဒရန်အဆိုပြု ကာကွယ်တောစိုက်ခင်း အမှတ်(၃/၇၀) ကျွန်းဧက ၅၀ စိုက်ခင်း၊ ဖက်ဆွတ်ကြိုးဝိုင်းအကွက်အမှတ်(၉/၁၁)၊ စိုက်ခင်းအမှတ် ၂/၈၂/၁၅၂ဧက ပျဉ်းကတိုးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မော်လူးစံပြကျေးရွာတိုက်နယ်ဆေးရုံ ဓာတ်မှန်ဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်ရာ တာဝန်ရှိသူတို့က ဓာတ်မှန်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဓာတ်မှန်ဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဓာတ်မှန်ဆောင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဓာတ်မှန်ဆောင်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။ ထို့နောက် မော်လူးတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်းရှိ လူနာများအား ကြည့်ရှုအားပေးပြီး မော်လူးအခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ဆက်လက်၍ ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီ ကသာ-အင်းတော်-နန့်စီးအောင် လမ်းစီမံကိန်းရှင်းလင်း ဆောင်သို့ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် ကသာမြို့ နိဗ္ဗာန်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် သက်ပန်ကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် ကသာမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ကသာမြို့ပြည်သူ့ဆေးရုံ၌ လူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကသာမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများအကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုသတင်းနှင့် နောက်ဆုံးဖြစ်စဉ်များအကြောင်း ကျယ်ပြန့်စွာသိရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲကို ဣတ္ထိယမမတို့ရဲ့ ကျန်းမာရေး ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၁ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ်၌ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတွင် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဆေးတက္ကသိုလ် (၁) ရန်ကုန် သားဖွားမီးယပ်ပညာဌာန၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဆရာကြီး ဦးစိုးလွင်က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းရုံး MWEA Tower အခန်း(၄၀၁) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ Email: mwea 2008@gmail.com ဖုန်း-၃၈၉၃၇၆၊ ၂၅၄၄၀၀၊ ၃၈၉၃၈၀ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ငါန်းဇွန် ဇူလိုင် ၁၆

ငါန်းဇွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မှတ်နှင့် ဝန်ထမ်းများ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ကျောက်တလုံးရွာအခြေခံပညာအထက်တန်းကျောင်း ခွဲ၌ ဇူလိုင် ၆ ရက်က ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် လဝက)

သားဖွားခန်းသို့ ဝတ်စုံနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် ၁၄ ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် ဝတ်စုံများ၊ ဆေးပစ္စည်းနှင့်ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဇူလိုင် ၁၄ ရက်က မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဗဟို ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများဖြစ်သောဒေါ်စိမ်းစိမ်းစိုး၊ ဒေါ်ခင်စိုးမိုးတို့နှင့် တာဝန်ခံသားဖွားဆရာမများက လက်ခံယူခဲ့ကြသည်။ (အပေါ်ပုံ)

ထို့နောက် ဗဟိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၁၆၆)

ကျေးရွာအရောက် ကွင်းဆင်းဆေးကုသ

ရေကြည် ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အကယ်ကြီးကြို့ကုန်းကျေးရွာ၊ အ-မ-က ကျောင်း၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ကျေးရွာပြည်သူများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦး ဦးဆောင်၍ ကွင်းဆင်း ဆေးကုသပေးခဲ့ကြသည်။ ထိုသို့ ဆေးကုသရာတွင် မြို့နယ်ဆရာဝန်ကြီးက ဆေးကုသခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လက်ထောက်ဆရာဝန်ဒေါက်တာချိုချိုလွင်က မိုးရာသီတွင်ဖြစ်တတ်သောရောဂါများအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့်အဖွဲ့က ကျန်းမာရေးနှင့်အညီ လက်ဆေးခြင်းကို သရုပ်ပြခြင်း၊ ကျောင်းသားကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ကျေးရွာနေပြည်သူများအား ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ကျန်းမာရေး)

မြန်မာ့အလင်း အမှတ်မထင် သတင်းမြင်ကွင်း

မျဉ်းကျားမှကူးပါ အန္တရာယ်ကင်းနိုင်ပါသည်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းမှတ်တိုင်နှင့် ဘီအိုစီမှတ်တိုင်ကြား ရန်ကုန်-အင်းစိန်ကားလမ်းမကြီးပေါ်တွင် လမ်းလယ်ကျွန်းများနေရာ၌ ပန်းပင်ငယ်များစိုက်ပျိုးရန်အမြင့်နှစ်ပေ သုံးလက်မ၊ အကျယ် သုံးပေ၊ အရှည် ၃၆ ပေရှိ ပန်းအိုးရှည်ကြီးများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်ဌာနမှ ဆောက်လုပ်လျက်ရှိကြောင်း တွေ့ရသည်။ ထိုသို့ ဆောက်လုပ်ထားမှုကြောင့် မြို့တော်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုသည့်အပြင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း အထောက်အကူဖြစ်ကြောင်း တွေ့ရသည်။ ယာဉ်အန္တရာယ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားရာတွင် မော်တော်ယာဉ်မောင်းအချို့၏ မဆင်မခြင်မောင်းနှင်မှုများကြောင့် ဖြစ်သလိုစည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကြောင့်လည်း ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။ အဆိုပါ လမ်းလယ်ကျွန်း ပန်းအိုးရှည်ကြီးများတွင် လူကူးမျဉ်းကျားပါသော လမ်းဖြတ်ကူးရန်နေရာများပါ ပြုလုပ်ပေးထားသဖြင့် လမ်းဖြတ်ကူးသူများအတွက် အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရှိရသည်။ (အောက်ပုံ) (၁၆၃)

ကြို့ပင်ကောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ကြို့ပင်ကောက် ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ညောင်ကုန်း-ရှားပင်ထလမ်းဘေး ဝဲယာတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ ခရေ၊ ရေတမာ၊ မယ်ဇယ် ပျိုးပင်ပေါင်း ၁၅၀၀ ကို စိုက်ပျိုးပေးခဲ့ကြသည်။

ဆက်လက်၍ ရှားပင်ထကျေးရွာအုပ်စု ရှားပင်ထအခြေခံပညာအလယ်တန်းကျောင်းတွင် တာဝန်ရှိသူများက ကျောင်းနှင့် ဝန်းကျင်စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း ၅၀၀ ကို အလယ်တန်း၊ မူလတန်း ကျောင်းအုပ်များထံပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၁၁)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

အထွက်ကောင်း ပုလဲသွယ်နှံစပါး ညောင်ဦးမြို့နယ်၌ စံကွက်ရိတ်သိမ်း

ညောင်ဦး ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာအုပ်စုတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အထူးအထွက်ကောင်း ပုလဲသွယ်နှံစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်က တောင်သူဦးဝင်းနိုင်၏ နှံစပါးစံကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးဦးအောင်လှိုင်၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဦးစီးဌာနမှ ကွင်းဝန်ထမ်းများ၊ ကျေးရွာမှ တောင်သူများ တက်ရောက်လေ့လာကြသည်။

ထိုသို့ ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အစိုအထွက်နှုန်း ၂၀၄ ဒသမ ၃၉ တင်း၊ အခြောက်အထွက်နှုန်း ၁၈၃ ဒသမ ၉၅ တင်း ထွက်ရှိကြောင်း သိရှိရသည်။ (ဝဲပုံ)

(ခရိုင် စိုက်ပျိုးရေး)

စမာရေလွှဲဆည် သဲထုတ်ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်း ၉၅ ရာခိုင်နှုန်းပြီးစီး

သီးနှံစိုက်ဧက (၁၀၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ ထိထိရောက်ရောက်ကာကွယ်နိုင်မည်

နေပြည်တော် ဇူလိုင် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးခင်ဇော်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် မြစ်သားမြို့နယ် စမာရေလွှဲဆည် သဲထုတ်ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါရေတံခါးတွင် (ပေ ၃၀×၁၄ ပေ) အရွယ်အစားနှင့် ရေပြည့်အနက် ၁၅ ပေရှိ သံမဏိသံပေါင်အမျိုးအစား သဲထုတ်ရေတံခါးနှစ်ပေါက် ရာနှုန်းပြည့်တပ်ဆင်ပြီးစီးပြီး တည်ဆောက်ရေးလုပ်ငန်းများ ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား လက်စသတ် လက်ကျန်လုပ်ငန်းများနှင့် ရေလွှဲဆည်အောက်ပိုင်းကျေးရွာများအတွက် PROTECTION လုပ်ငန်းများကို ဆည်မြောင်းပညာရှင်များအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲအကျိုးရှိအောင် စေတနာအပြည့်အဝဖြင့် စနစ်တကျ အကောင်းဆုံး တည်ဆောက်အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ကြောင်း၊ မြစ်သားမြို့ ပတ်ဝန်းကျင်တွင် စိုက်ပျိုးရေးကိုအခြေခံသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါးသီးနှံအပါအဝင် ဒေသနှင့်အထူးကိုက်ညီသော ဝါသီးနှံ၊ နေကြာသီးနှံများကို စိုက်ဧကနှင့် အထွက်နှုန်းသိသိသာသာ တိုးတက်စေရေးနှင့် တောင်သူလယ်သမားများ တွက်ခြေကိုက်ဝင်ငွေတိုး အကျိုးခံစားရရှိရေး စံပြစိုက်ကွင်းများကို ကျေးရွာများတွင် လက်တွေ့အကောင်အထည်ဖော်ပေးရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် တည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည့် စမာရေလွှဲဆည်နှင့် သဲထုတ်ရေတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရစ်ကံကျေးရွာအနီး ကင်းတားဆည်၏ လက်ယာမြောင်းမကြီး ဆည်ရေသောက်စနစ်ကို ကြည့်ရှုအားပေးသည်။

ကင်းတားဆည်ရေသောက် လက်ယာမြောင်းမကြီးသည် လက်တံမြောင်းဘေးဝဲယာရှိ လယ်မြေဧက ၁၃၀၀၀ ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

စမာရေလွှဲဆည် သဲထုတ်တံခါး

တည်ဆောက်နိုင်ခြင်းဖြင့် ပန်းလောင်မြစ်ရေအားလိုအပ်သလို ထိန်းညှိနိုင်မည်ဖြစ်ခြင်းကြောင့် မြစ်သားမြို့နှင့် အနီးပတ်ဝန်းကျင်ရှိဒေသများ ရေကြီးနစ်မြုပ်မှုကို ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး မြစ်သားမြို့အတွင်း ဖြတ်သန်းစီးဆင်းသော ကသောင်းချောင်းမှ ဗေဒါနှင့် အမှိုက်များကို ရှင်းလင်းဖယ်ရှားပေးနိုင်မည်ဖြစ်သည့်အပြင် စမာရေလွှဲဆည်၏အောက်ပိုင်း သီးနှံစိုက်ဧက ၁၀၀၀ခန့်အား ရေကြီးနစ်မြုပ်မှုမှ ထိထိရောက်ရောက် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချက်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၆

ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Karel Schwarzenberg ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေ့သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ဇူလိုင် ၆ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသော ဂိလာနသံဃာတော်နှင့် သီလရှင်များ ဆေးကုသမှုတွင် အသုံးပြုရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နေ အလှူရှင် ကိုမောင်မောင်-မသီတာ မိသားစုတို့က ဆေးပဒေသာပင် အလှူငွေကျပ် သိန်းတစ်ရာကို ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး သုခမ္မမဏ္ဍိဇောတဓရ ဦးကျော်ဝင်း (ဘဏ္ဍာ)နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းထွန်းမြင့်၊ ဒုတိယဆေးရုံအုပ် ဒေါက်တာ ဦးမောင်မောင်တို့ လက်ခံကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်လက်ခံ

နေပြည်တော် ဇူလိုင် ၁၆

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရုံး ညီလာခံခန်းမ၌ကျင်းပရာ အခမ်းအနားတွင် လိုတရ တောင်းတရ ကျောက်မျက်ရတနာကုမ္ပဏီမှ ဦးအောင်သူနှင့်ဇနီး ဒေါ်လီဆွေလန့်တို့က ငွေကျပ် ၈၂ သိန်း ၅ သောင်းတန်ဖိုးရှိ ဆန်အိတ် ၅၀၀၊ ခေတ္တဒေသကွပ်ကဲရေးမှူး (စစ်တွေ)က အရာရှိ/စစ်သည်မိသားစုမှ လှူဒါန်းသည့် ငွေကျပ် ၃၇ သိန်းတန်ဖိုးရှိ ဆန်အိတ် ၂၂၄ အိတ်နှင့် ကံသာဦး ကျောက်မျက်ရတနာကုမ္ပဏီမှ ဦးကျော်မြင့်၊ ဦးကျော်လွင်မိသားစုက ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ဆန်အိတ် ၁၈၁ အိတ်တို့ကို ပေးအပ်လှူဒါန်းကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က လက်ခံသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန(စစ်တွေ)၏ ၂၀၁၂ ခုနှစ် ဇူလိုင်လ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်ပြီး နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍများကို မှာကြားသည်။ ယင်းနောက် ရခိုင်ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ကုန်သွယ်မှုမြှင့်တင်ရေး၊ လုံခြုံရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် နယ်စပ်ကုန်သွယ်ရေး (စစ်တွေ) စခန်း ဒုတိယညွှန်ကြားရေးမှူးနှင့် OSS အဖွဲ့ဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်မှုမြှင့်တင်ရေးနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဘဝတစ်ကွေ့ အတွေ့အကြုံ

ထူးလည်းထူးတဲ့ အထူးကား

၆-၇-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ဘဝတစ်ကွေ့အတွေ့အကြုံ အခန်းကဏ္ဍမှာပါလာတဲ့ မောင်ဆွေ(တောင်ငူ)ရဲ့ **“ဥပဓိရုပ်ကောင်းမွန်လာတဲ့ မြန်မာ့မီးရထား”** ဆောင်းပါးလေးတစ်ပုဒ်ကို ဖတ်လိုက်ရမိတော့ ထိုဆောင်းပါးရေးတဲ့သူလိုပဲ စာရေးသူလည်း ခံစားလိုက်မိပါတယ်။ ကိုယ်တိုင်ရထားမစီးရသေးပေမယ့် စီးလိုက်ရသလို ခံစားမိပါတယ်။ ခေတ်စနစ်တွေပြောင်းလာတာနှင့်အမျှ အသွင်အပြင်တွေက တစ်ခေတ်ဆန်းပြီး ခရီးသွားပြည်သူတွေ စိတ်ရွှင်လန်းစေဖို့ ဝန်ဆောင်မှုကောင်းတွေပေးလာနိုင်တာ ဝမ်းသာစရာပါ။ မြန်မာ့မီးရထားဖြင့် ခရီးသွားလာခြင်းသည် လူမပင်ပန်း၊ စိတ်ချမ်းသာပြီး သက်သောင့်သက်သာဖြင့် လိုရာခရီးကို ဘေးကင်းစွာ ရောက်နိုင်တာမို့ “ပြန်လည်ဦးမော့လာတဲ့ မြန်မာ့မီးရထား” ကို ကြိုဆိုလျက်ရှိကြပါတယ်။

မြန်မာ့မီးရထားက ပြန်လည်ဦးမော့လာတာကို ဝမ်းသာပီတိဖြစ်ခဲ့ရပေမယ့် စာရေးသူတို့ နေ့စဉ်ရန်ကုန်မြို့အတွင်း ရုံးသွားရုံးပြန်စီးနေရတဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံတွေကတော့ ပြောင်းလဲမှုမရှိကြသေးပါ။ တစ်စီးနှင့်တစ်စီး လုတက်လုမောင်း၊ ခရီးသည်တွေဆွဲတင်၊ ဆွဲချ၊ မှတ်တိုင်တွေမှာ လိုရင်လိုသလိုရပ်၊ မလိုရင်မလိုသလို မောင်းပြေးနေကြတာတွေကြောင့် မှတ်တိုင်မှာစောင့်နေကြတဲ့ ခရီးသည်တွေခမျာ ကားဖြတ်သွားတာကိုသာ မြင်လိုက်ရပြီး ကားမစီးလိုက်ရတဲ့ဖြစ်စဉ်တွေကလည်း နိစ္စဓူဝပါပဲ၊ မော်တော်ယာဉ်လိုင်းအသီးသီးက မိမိတို့ဝင်ငွေရရှိရေး အဓိကထားပြီး ခရီးသည်တွေကို ကျပ်ညှပ်နေအောင်တင်ခြင်း၊ ရပ်စရာမရှိ၍ အပေါက်ဝနားရပ်နေသူများကိုလည်း အားမနာတမ်းပြောလိုက်၊ ဟောက်လိုက်တဲ့ကားစပယ်ယာ (ယာဉ်နောက်လိုက်)ရဲ့စကား “အပေါက်ဝတော်တော်ကြိုက်နေကြ”၊ “တိုးတာတော်တော်ခံချင်နေကြ” ဆိုတဲ့စကားတွေက ခရီးသွားပြည်သူတွေ နားဝ မခံသာ၊ ခရီးသည်တွေကလည်း အပေါက်ဝတွင် ရပ်ချင်လို့ရပ်နေကြသည်မဟုတ်၊ မည်သူမျှ အတိုးအဝှေ့ခံချင်ကြမှာ မဟုတ်၊ မလွှဲသာမရှောင်သာ ရှေ့ဆက်တိုးဝင်လို့ မရတာကြောင့် အပေါက်ဝတွင် ရပ်နေကြရသူများရှိသလို ရှေ့မှတ်တိုင်တွင် ဆင်းကြမည့်သူများလည်း ပါနေကြပါသည်။ “အထဲဝင်ကြပါ၊ ဒရိုက်ဘာနောက်မှာ ဇာတ်ကလို့ရတယ်၊ ဆင်းချင်တဲ့မှတ်တိုင် ရပ်ပေးမယ်” ဟုပြောကာ ရှေ့မှတ်တိုင်ဆင်းမည့်သူများကိုပါ ရှေ့ဆုံးရောက်အောင် အတင်းတိုးဝင်ခိုင်းပြီး ဆင်းခါနီးကားရပ်ပြန်တော့ မနည်းတိုးပြီးဆင်းရ၍ အချိန်ကြန့်ကြာနေပါလျှင်လည်း အတင်းဆွဲချ၊ မောင်းချလုပ်နေကြသည်က နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။ တစ်ခါတစ်ရံ ခရီးသည်များ ကားပေါ်က ဆင်းနေချိန် ခြေတစ်ဖက်အောက်ချရုံရှိသေး ကားဘီးက လိမ့်နေပေပြီ၊ မတွေးရဲစရာ၊ ရင်လေးစရာ။

သြော်. . တစ်ခါတလေ ရုံးသွား ရုံးပြန် ရိုးရိုးလိုင်းကားများက လူကျပ်၍ “အထူးကား” လေးများစီးလိုက်ရင် ဇိမ်ကျမှာပဲဆိုတဲ့ အတွေးကလေးနဲ့ တစ်နေ့တာ ရုံးသွား ရုံးပြန်ကားစီးဖို့ချန်ထားတဲ့ အိတ်ကပ်ထဲက ကျပ်၂၀၀ တန်အရွက်ကလေးတစ်ရွက်ကို နှမြောတွန့်တိုစိတ်ဖျောက်ကာ မှတ်တိုင်ရောက်လာတဲ့ အထူးကားတစ်စီးကို တက်စီးမိလိုက်ပါတယ်။ အံ့ရော. . အံ့ရော အထူးကားဆိုတဲ့အတိုင်း ထူးပါဘိ၊ သုံးယောက်ထိုင်ရမည့်ခုံတွေက ခပ်ဝဝခရီးသည်နှစ်ဦးထိုင်လိုက်ရုံဖြင့် နေရာကပြည့်နေပြီ။ သည်ထက်ပိုဆိုးသည်က ထိုင်ခုံပြည့်ခရီးသည်တွေရှိနေသည့်အပြင် မတ်တတ်ရပ်နေသူက လမ်းကျဉ်းကျဉ်းမှာနှစ်ယောက်တန်း ကျောချင်းကပ်ရပ်နေကြရသည်။ ကျွန်တော်သိလိုက်ပါပြီ။ “အထူးကားဆိုတာ ရိုးရိုးပုံမှန်ကားတွေမှာ တိုးကြိတ်ပြီး ကျပ် ၅၀ ပေးစီးရပေမယ့် ဒီကားတွေမှာ တိုးကြိတ်ပြီး ကျပ်၂၀၀ ပေးစီးနေရတာကိုး” လို့ ဒါကြောင့် “အထူးကား”လို့ ရေးထားတာပါလားဆိုတာ သိလိုက်ရပါတယ် “သြော်. . ထူးလည်း ထူးပါရဲ့ အထူးကားရယ်”၊ ပို၍ ပို၍ ထူးသည့်ကားလည်းရှိပါသေးသည်။ “ကိုရွှေညော့သည်” များဖြစ်ပါသည်။ အခြားအထူးကားများက ခရီးအစအဆုံး ကျပ် ၂၀၀ ပေးနေရသည်ကို သူတို့က ကျပ် ၃၀၀ တောင်းနေကြသည်။ စိတ်ကောင်းရှိသည့် အချို့စပယ်ယာများကတော့ တစ်မှတ်တိုင်နှစ်မှတ်တိုင်လောက်ကို ကျပ် ၂၀၀ သာ တောင်းကြပါသည်။ အထူးကားချင်းအတူတူ သူတို့တွေက ဘာတွေများပို၍ပို၍ ထူးနေကြပါလဲလို့ တွေးမရ၊ စဉ်းစားမရ၊ ဝန်ဆောင်မှုတွေပိုကောင်းနေလို့ ပိုတောင်းနေကြတာလား၊ ဒါမှမဟုတ် ပိုမြန်ပြီး ပိုဖိုက်နိုင်လို့ ဈေးနှုန်းကွာခြားတာလား အဖြေရှာကြည့်မိသည်။ စာရေးသူလိုပဲ အခြားသူတွေကလည်း အဖြေရှာနေကြမှာ မလွဲပေ။ မော်တော်ယာဉ်လိုင်းပေါင်းစုံများမှ ဂိတ်တိုင်း၊ မှတ်တိုင်တိုင်းတွင် အဆင့်လိုက် တံဆိပ်တပ်ထားတဲ့ ကြီးကြပ်ရေးမှူးတွေ၊ စစ်ဆေးရေးမှူးတွေ နေ့စဉ်တွေ့နေရပါသည်။ ကားတွေလုမောင်း၊ ကျော်တက်၊ လူအပြည့်တင်ဖို့ ကြီးကြပ်ရေးမှူးတွေထားနေကြသည်တော့ မဟုတ်နိုင်ပါ။ စစ်ဆေးရေးမှူးများ၊ ကြီးကြပ်ရေးမှူးများ “မရောင်ရာ ဆီလူးတာမျိုး” မဖြစ်စေချင်ပါ။ ရှေ့ကသွားသည့်ကား “ဘယ်နှမိနစ်ရှိသွားပြီ၊ အမီလိုက်၊ မထွက်နဲ့ဦး” စသည်ဖြင့် ပြောနေမှတ်နေရုံဖြင့် တာဝန်ကျေကြပြီဟု ထင်နေကြသည်။ အမှန်တကယ် ယာဉ်ကြီးကြပ်ရေးမှူးတွေ တာဝန်ထမ်းဆောင်ရမှာက ယာဉ်နှင့်ဝန်မမျှအောင်တင်ခြင်း၊ တစ်စီးနှင့်တစ်စီး လုတက်လုမောင်းနေခြင်းကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်တိုက်မှုများ၊ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေကြသည်များက အန္တရာယ်မှကင်းဝေးအောင် ကြီးကြပ်ဖို့၊ စောင့်ရှောက်ဖို့၊ ထိန်းသိမ်းဖို့ တာဝန်များသာ ဖြစ်ပါသည်။

သို့မှသာ ခရီးသွားပြည်သူများအနေဖြင့် အချိန်အခါမရွေး မိမိတို့သွားလိုသော ခရီးစဉ်အတွက် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြမည့်အပြင် မော်တော်ယာဉ်လိုင်းပေါင်းစုံမှ တာဝန်ရှိသူအဆင့်အဆင့်အနေဖြင့်လည်း ခရီးသွားပြည်သူတွေ၊ ဝန်ထမ်းတွေ နေ့စဉ် မော်တော်ယာဉ်ဖြင့် သွားလာရာတွင် စိတ်ချမ်းမြေ့စွာ အန္တရာယ်ကင်းဘေးရှင်းစေရေးအတွက် မည်သို့သောဝန်ဆောင်မှုကောင်းတွေ ပေးသင့်သည်တို့ကိုသာ ယာဉ်လိုင်းအချင်းချင်းအဖြေရှာ၍ ညှိနှိုင်းဆောင်ရွက်ကြသင့်ကြောင်း စေတနာကောင်းဖြင့် အကြံပြုရေးသားလိုက်ရပါတော့သည်။ ။ **(လွမ်းမွန်)**

လှည်းကူးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

လှည်းကူး ဇူလိုင် ၁၆

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက လှည်းကူးမြို့ ငါးဆူတောင်ကျေးရွာအုပ်စု ရပ်ကွက်(၁) ၌ကျင်းပရာ **(အောက်ပုံ)** သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကို၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးဇင်မိုးနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေ ယူကလစ်ပျိုးပင် ၈၁၀ စိုက်ပျိုးခဲ့ကြောင်းနှင့် ယခုအချိန်အထိ လူထုဖြန့်နှင့် ဆက်သွယ်ရေးလမ်းဘေးဝဲယာ စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀၀နှင့် စိုက်ပျိုးပင်စုစုပေါင်း ၆၁၅၀၀၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရာနှုန်းပြည့်မိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတကာသတင်းများ

နေတိုးစက်သုံးဆီတင်ယာဉ် ၁၂ စီး တာလီဘန်တို့ မီးရှို့ဖျက်ဆီး၊ တစ်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၁၆

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ထံပေးပို့သည့် နေတိုးစက်သုံးဆီယာဉ် ၁၂ စီးကို ဇူလိုင် ၁၅ ရက်နေ့က တာလီဘန် တိုက်ခိုက်ရေးသမားများ မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဇူလိုင် ၁၆ ရက်တွင် ပရက်စ်တီဗွီ သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ **(အပေါ်ပုံ)**

အာဖဂန်နစ္စတန်နိုင်ငံ ဝါဒတ်ပြည်နယ် ဆေယက်-အဘတ်ခရိုင်၌ တာလီဘန် တို့က အဆိုပါဆီတင်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ရာတွင် ယာဉ်မောင်းတစ်ဦးသေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအတွက် အာဖဂန်တာဝန်ရှိသူများက တာလီဘန်တို့အား အပြစ်ဖို့ပြောဆိုလျက်ရှိသည်။ တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇက်ဆိုင်လာမူဂျာဟစ် ကမူ ၎င်းတိုက်ခိုက်မှုတွင် နေတိုးဆီတင်ယာဉ် ၂၅ စီး ဖျက်ဆီးနိုင်ခဲ့ပြီး ယာဉ်မောင်း အချို့အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များလည်း သေဆုံးခဲ့ကြောင်း ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံက အာဖဂန်နစ္စတန်သို့ နေတိုးထောက်ပံ့ရေး လမ်းကြောင်းကို ပြန်ဖွင့်ရန်သဘောတူညီပြီး ရက်ပိုင်းအကြာတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ၂၀၁၁ခုနှစ် နိုဝင်ဘာလက အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ဦးသေဆုံးခဲ့ရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ပါကစ္စတန်နှင့် အမေရိကန်တို့သည် လအတန်ကြာ ဆက်ဆံရေးတင်းမာခဲ့သည်။ မကြာမီက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ယင်းကိစ္စအတွက် ဝမ်းနည်းကြောင်း ပြောဆိုခဲ့သဖြင့် နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့သည်။ **(အင်တာနက်)**

အီဂျစ်နှင့် အစ္စရေးငြိမ်းချမ်းရေးတိုးတက်ရေးဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျေရုဆလင်သို့ ရောက်ရှိ

ဂျေရုဆလင် ဇူလိုင် ၁၆

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် သည် အီဂျစ်နိုင်ငံမှတစ်ဆင့် အစ္စရေးနိုင်ငံသို့ ရောက်ရှိ လာကြောင်း ဇူလိုင် ၁၆ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် မတွေ့ဆုံမီ သမ္မတ ရှီမွန်ပီရက်စ်နှင့် တာဝန်ရှိသူများအား တစ်နာရီခန့်ကြာ တွေ့ဆုံခဲ့ ကြောင်း သိရသည်။သူမသည် ပြီးခဲ့သည့်သီတင်းပတ်ကုန်ပိုင်းက အီဂျစ်နိုင်ငံသို့ ရောက် ရှိခဲ့ပြီး အီဂျစ်သမ္မတသစ် မိုဟာမက်မော်စီနှင့်လည်း တွေ့ဆုံခဲ့သည်။ မစ္စကလင်တန် သည် အီဂျစ်သမ္မတသစ်နှင့်ရော အစ္စရေးတာဝန်ရှိသူများနှင့်ပါ သဘောထား အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက သမ္မတမော်စီအား အမျိုးသမီးများ အခွင့် အရေးနှင့် လူမျိုးစုလူနည်းစုများအား ကာကွယ်စောင့်ရှောက်ရန်နှင့် အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ် ထိန်းသိမ်းရန် တိုက်တွန်းပြောကြားခဲ့သည်ဟုဆို၏။ သူမ၏ ကိုင်ရိုခရီးစဉ်အတွင်း သမ္မတမော်စီအပြင် အီဂျစ်စစ်ကောင်စီအကြီးအကဲ ဗိုလ်ချုပ်ကြီး မိုဟာမက် ဟူစိန်တန်တာဝီနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အမေရိကန်တာဝန် ရှိသူများက ပြောကြားသည်။ မစ္စဟီလာရီကလင်တန်သည် အစ္စရေးနိုင်ငံတွင် အီဂျစ်နှင့် ငြိမ်းချမ်းရေးစာချုပ်ကိစ္စကို ဆက်လက်ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရ ကြောင်း ဒေသဆိုင်ရာသတင်းထောက်များက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် သမ္မတရှီမွန်ပီရက်စ်နှင့် တွေ့ဆုံကြစဉ်။

ဟော်မုဇ်ရေလက်ကြားကို ရှောင်ကွင်းသွယ်တန်းထားမည့် ရေနံပိုက်လိုင်းဖွင့်လှစ်

ဒူဘိုင်း ဇူလိုင် ၁၆

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံသည် အီရန်နိုင်ငံက ထိန်းချုပ်ထားသော ဟော်မုဇ်ရေလက်ကြားကို ရှောင်ကွင်းကာ ရေနံပိုက်လိုင်း သွယ်တန်းမှုကို ဇူလိုင်၁၅ ရက်က ပြုလုပ်နိုင်ခဲ့ ပြီဖြစ်ကြောင်း ဇူလိုင် ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ရေနံပိုက်လိုင်း **(ဝဲပုံ)**သည် ယူအေအီးနိုင်ငံ ဖူဂျာ ရက်မြို့မှ ပါကစ္စတန်နိုင်ငံ ဟက်ရှန်မြို့သို့ သွယ်တန်းထားခြင်း ဖြစ်သည်။ အရှည်ကီလိုမီတာ ၃၇၀ ရှိပြီး တစ်နေ့လျှင် ရေနံစည် ပေါင်း ၁ ဒသမ ၅ သန်းကို ဖြတ်သန်းပေးပို့နိုင်မည်ဖြစ်သည်။ ရေနံပိုက်လိုင်းသွယ်တန်းနိုင်မှုသည် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံ ဈေးနှုန်းများ တည်ငြိမ်စေရန်အတွက်လည်း အထောက်အကူ ပြုကြောင်း ရေနံပိုက်လိုင်းဖွင့်ပွဲ၌ ယူအေအီးနိုင်ငံမှ စွမ်းအင် ဝန်ကြီး မိုဟာမက်ဘင်ဒန်အယ်လ်ဟမ်လီက ပြောကြားသည်။

ထို့အပြင် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားကို လုံခြုံ ရေးအရ ပိတ်ဆို့မည်ဟု ခြိမ်းခြောက်ထားခဲ့သဖြင့် နိုင်ငံတကာ ဈေးကွက်သို့ ရေနံများအမြန်ဆုံး တင်ပို့နိုင်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ပင်လယ်ကွေ့ရှိ ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့ရေနံတင် သင်္ဘောများ ၄၀ ရာခိုင်နှုန်းခန့် ဖြတ်သန်းမောင်းနှင်ရာ ရေလက် ကြားတစ်ခုဖြစ်သည်။ **(အင်တာနက်)**

ရွှေခိုးတူးသူ ၂၆ ဦး ဘရာဇီးရဲဖမ်းဆီး

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၆

ဘရာဇီးနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဗင်နီဇွဲလားနယ်စပ်အနီး အမေဇုန်တောထဲတွင် တရားမဝင်ရွှေတူးသူများ နှိမ်နင်းရေး စစ်ဆင်ရာ၌ အနည်းဆုံး ၂၆ ဦးကို ဖမ်းဆီးလိုက်သည်။

တရားမဝင် ရွှေတူးဖော်သူများကြောင့် ယင်းဒေသတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာရသဖြင့် ယင်းသို့ စစ်ဆင်ရေးဆင်နွှဲအရေးယူရခြင်းဖြစ်သည်ဟုဆို၏။

သိမ်းဆည်းရမိ

အာဏာပိုင်များက ထိုစစ်ဆင်ရေးအတွင်း ရွှေသား၊ သတ္တုတူးဖော်ရေးကိရိယာများနှင့် လေယာဉ်သုံးလေးစင်းကို သိမ်းဆည်းရမိခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၆-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) - စုစည်းသည်

ပိုလန်တွင် လေဆင်နှာမောင်းတိုက်ခတ်၊ တစ်ဦးသေဆုံး

ပိုလန်နိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းတွင် ဇူလိုင် ၁၅ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး အနည်းဆုံး ၁၀ ဦး ဒဏ်ရာရကာ နေအိမ်များပြိုကျပျက်စီးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အဆိုပါလေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပိုလန်နိုင်ငံရှိ ကူဂျာ-ပိုမော့ဇီနှင့် ဝီအီကို ပေါလ်စကာ ပြည်နယ်များတွင် နေအိမ် ၁၀၀ ခန့် ပျက်စီးခဲ့သည်ဟု ဆိုသည်။ ထို့အပြင် ဟက်တာ ၄၀၀ ကျော်ရှိသည့် ကိုရီတက်ဟိုးစကီးသစ်တောအတွင်း အမျိုးသားပန်းခြံနှင့် ခရီးသွားများအား ဆွဲဆောင်လျက်ရှိသောနေရာများတွင် စိုက်ပျိုးထားသော သစ်ပင်များပြိုလဲပျက်စီးခဲ့သည်ဟု ဆိုသည်။ ပိုလန်နိုင်ငံတွင် တိုက်ခတ်သော အဆိုပါ လေဆင်နှာမောင်းမျိုးသည် နွေရာသီမှသာ တိုက်ခတ်လေ့ရှိပြီး ယခုကာလ၌ တိုက်ခတ်သဖြင့် မိုးလေဝသ ခန့်မှန်းသူများက နောက်ဆက်တွဲအဖြစ် မုန်တိုင်းဆက်လက်ဖြစ်ပေါ်နိုင်ဖွယ်ရှိသည်ဟု သုံးသပ်ခန့်မှန်းထားကြောင်း ဝါဆောမြို့ရှိ ဘီဘီစီသတင်းထောက် အက်ဒန်အက်စတန်က ပြောကြားခဲ့သည်။

ဘရန့်တောင်တန်းပေါ်တွင် တောင်တက်သမားနှစ်ဦး သေဆုံးနေ

ပြင်သစ်နှင့်အီတလီနယ်စပ် ဘရန့်တောင်တန်းပေါ်တွင် လူငယ်တောင်တက်သမားနှစ်ဦး အေးခဲပြီး သေဆုံးနေသည်ကို ကယ်ဆယ်ရေးအဖွဲ့များက တွေ့ရှိခဲ့ပြီး အခြားခြောက်ဦးကို ကယ်ဆယ်ခဲ့ရ ကြောင်း ဇူလိုင် ၁၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

အဆိုပါ သေဆုံးသည့် တောင်တက်သမားနှစ်ဦးမှာ စပိန်နိုင်ငံသားနှင့် ပိုလန်နိုင်ငံသူတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးအား ဇူလိုင် ၁၄ ရက်က ဘရန့်တောင်တန်းပေါ်တွင် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၄၄၀၀ မီတာမြင့်သည့် ဒိုမီဒူဂေါ့တာတောင်ထိပ်မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဲလ်တောင်တန်းဒေသ မူဒစ်တောင်စောင်းများအနီး ရေခဲများလျှောကျမှုကြောင့် တောင်တက်သမားကိုးဦး သေဆုံးပြီးနောက် ရက်အနည်းငယ်တွင် ၎င်းတို့ နှစ်ဦး ထပ်မံသေဆုံးခြင်းဖြစ်သည်။ ယင်းတောင်တက်သမားနှစ်ဦးသည် တောင်တက်သမားရှစ်ဦးအုပ်စုအဖွဲ့မှဖြစ်ပြီး ဇူလိုင် ၁၄ ရက် အစောပိုင်းက တောင်ပေါ်သို့ တက်ခဲ့ပြီးနောက် ဆိုးရွားသည့်မုန်တိုင်းတိုက်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း အီတလီသတင်းဌာနများက ပြောကြားသည်။

နောက်မှ လိုက်ပါသည့် တောင်တက်သမား ခြောက် ဦး ကို လည်း အီတလီကယ်ဆယ်ရေး အဖွဲ့များက ကယ်ဆယ်ရေးများဆောင်ရွက်ခဲ့ပြီး ၎င်းတို့အားလုံးကို အီတလီတောင်ခြေ အိုစတာမြို့ ဆေးရုံသို့ ရာသီဥတုဒဏ်ခံရမှုအတွက်အရေးပေါ်ဆေးဝါးကုသရန် ပို့ဆောင်ပေးခဲ့သည်။ **(အင်တာနက်)**

အီဂျစ်၌ ၁၁ ထပ်အဆောက်အအုံပြိုကျ ၁၀ ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ကိုင်ရို ဇူလိုင် ၁၆

အီဂျစ်နိုင်ငံ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော အလက်ဇန်းဒါးမြို့၌ ၁၁ ထပ်မြင့်သော လူနေအထပ်မြင့်အဆောက်အအုံတစ်ခုသည် ဇူလိုင် ၁၅ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ ၁၀ ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအဆောက်အအုံ အပျက်အစီးများအောက်၌ ကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းခဲ့ရာ သေဆုံးနေသူ ၁၀ ဦးကို တွေ့ရှိခဲ့ကြောင်း၊ ဆက်လက်ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။ **(ယာပုံ)** ယင်းအဆောက်အအုံ ပြိုကျမှုကြောင့် အနီးဝန်းကျင်မှ နေအိမ်အချို့လည်း ထိခိုက်ပျက်စီးခဲ့သည်။ အဆောက်အအုံပြိုကျမှုကြောင့် ငါးဦးဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့ပေးထားရသည်။

ပြောကြား

အီဂျစ်နိုင်ငံတွင် အဆောက်အအုံပြိုကျမှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ဆောက်လုပ်မှုအရည်အသွေး မပြည့်ဝမှုနှင့် စံချိန်မမီမှုတို့ကြောင့် ဖြစ်ကြောင်း၊ ယခု အဆောက်အအုံပြိုကျမှုကို ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

နီပေါနိုင်ငံ၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက် ၃၄ ဦးသေဆုံး

ခတ္တမန္ဒူ ဇူလိုင် ၁၆

နီပေါနိုင်ငံအနောက်ပိုင်း နဝါပါရာဆီခရိုင်တွင် ဘတ်စ်ကားတစ်စီး လမ်းချော်ပြီး တူးမြောင်း အတွင်းထိုးကျသဖြင့် လိုက်ပါလာသူ အနည်းဆုံး ၃၄ ဦး သေဆုံးခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဂျန်ဘီကရမ်ရှားက ပြောကြားသည်။

ထရီမီနီသို့ မောင်းနှင်လာသည့် ဘတ်စ်ကားသည် ဇူလိုင် ၁၅ ရက်ညနေက ယင်းသို့ လမ်းချော်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ဒေသမှာ ခတ္တမန္ဒူ မြို့တော် အနောက်ဘက် ကီလိုမီတာ ၁၆၀ ခန့်အကွာတွင် တည်ရှိသည်။

ဘတ်စ်ကားတိမ်းမှောက်ခြင်းမှာ ယာဉ်မောင်းအနေဖြင့် မူးပြီးကားမောင်းသည့်အတွက် ဖြစ်နိုင်ကြောင်း၊ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၁၂၀ ခန့် လိုက်ပါလာကြောင်း ဂျန်ဘီကရမ်ရှားက ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ယူရိုဇုန်လူမှုစီးပွား နာလန်ထူအောင်မြင်စေရေး အီးယူ ကြိုးစားကျော်ဖြတ်နိုင်မည်လော

တိုး

ရေးသားသည်

ယခုတလော ခြိုးခြံချွေတာမှုကြောင့် မကျေနပ်သံများ ဥရောပသမဂ္ဂ(အီးယူ)မှ ယူရိုဇုန်နိုင်ငံအချို့၌ ပေါ်ထွက်လာသည်ကိုတွေ့ရသည်။ ထိုမကျေနပ်သံများတွင် အလုပ်သမားများ၏ အသံလည်းပါဝင်သည်။

ယူရိုဇုန်အနေဖြင့် လာမည့် လေးနှစ်အတွင်းတွင် ပြုပြင်ပြောင်းလဲမှုများကို အချိန်မီအကောင်အထည် မဖော်နိုင်လျှင် နောက်ထပ်အလုပ်လက်မဲ့ဦးရေ ၄ ဒသမ ၅ သန်းတိုးလာမည်ဟု နိုင်ငံတကာ အလုပ်သမားအဖွဲ့(အိုင်အယ်လ်အို)က ဇူလိုင် ၁၁ ရက် (ဗုဒ္ဓဟူးနေ့)ကထုတ်ပြန်သည့် အစီရင်ခံစာ၌ သတိပေးဖော်ပြထားသည်ကို တွေ့ရသည်။

အိုင်အယ်လ်အိုက ယူရိုဇုန်အလုပ်အကိုင်အကျပ်အတည်းမှ အလားအလာများနှင့်မူဝါဒရေးရာတုံ့ပြန်မှုများဟူသော ခေါင်းစဉ်ဖြင့် အစီရင်ခံစာ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယူရိုဇုန် အလုပ်အကိုင် အကျပ်အတည်းက လူမှုရေးမတည်ငြိမ်မှုကို ပိုမိုမီးထိုးပေးပြီး ပြည်သူများအနေဖြင့် ၎င်းတို့၏ အစိုးရအပေါ်၊ ဘဏ္ဍာရေးစနစ်အပေါ်၊ ဥရောပအဖွဲ့အစည်းများအပေါ် အယုံအကြည်များ လျော့ပါးကုန်ခန်းသွားစေနိုင်ကြောင်း အိုင်အယ်လ်အိုက ထည့်သွင်းဖော်ပြထားသည်။

ခြိုးခြံချွေတာမှုတွင် လစာငွေ (ပင်စင်အပါအဝင်)များ ဖြတ်တောက်မှု၊ အခွန်အတုပ်များ တိုးကောက်မှုများ ပါဝင်သဖြင့် မကျေနပ်သံများကြားလာရခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ အချိန်မီ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆိုခြင်းမှာ ခြိုးခြံချွေတာမှုတစ်ခုတည်းကို ဦးတည်မည့်အစား အခြားဖွံ့ဖြိုးတိုးတက်ရေးအစီအမံများပါ မူဝါဒရေးဆွဲအကောင်အထည်ဖော်ရန် ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ယူရိုဇုန် (၁၇) နိုင်ငံအတွင်း အလုပ်လက်မဲ့ဦးရေမှာ ပြုပြင်ပြောင်းလဲမှုများမပြုလုပ်ဘဲ ဒီအတိုင်းထားပါက အလုပ်လက်မဲ့ဦးရေ ၂၂ သန်းအထိရှိသွားနိုင်သည်။ ထို့ကြောင့် ဤနိုင်ငံများ အနေဖြင့် ခြိုးခြံချွေတာရေးမူမှ အလုပ်အကိုင်များဖန်တီးပေးရေး ဦးစားပေးသည့် မူဝါဒကို တူညီစွာ ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း အိုင်အယ်လ်အိုက တိုက်တွန်းလိုက်သည်။ ယင်းပြဿနာကို မကိုင်တွယ်မဖြေရှင်းပါက ယူရိုဇုန်တစ်ခုတည်းသာမက ကမ္ဘာ့စီးပွားရေးတစ်ခုလုံးသို့ပါ ကူးစက်မည့်အန္တရာယ်ရှိကြောင်း အိုင်အယ်လ်အိုက သတိပေးလိုက်သည်။

ယူရိုဇုန် အတွင်းရှိသည့် နိုင်ငံများတွင် ဤသို့ အလုပ်လက်မဲ့ ဦးရေ ထူပြော များပြား လာ မှုကိုလည်းအီးယူက အမြန်ဆုံး ကုစား ဖြေရှင်းရန်လိုအပ်လျက်ရှိသည်။

အမှန်တကယ် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ရည်မှန်းသည့် အစီအမံများကို မဆောင်ရွက်သမျှ စီးပွားရေးအကျပ်အတည်း ပိုဆိုက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း မည်သည့်အခါမျှ ပေါ်လာမည်မဟုတ်ကြောင်း အိုင်အယ်လ်အိုသုတေသနဌာနကြီးကြပ်ရေးမှူးချုပ်ဂျူအန်ဆိုမာဗီယာက ပြောကြားသည်။

အချိန်ရှည်ကြာစွာ ခြိုးခြံချွေတာမှု၏ နောက်ဆက်တွဲဆိုးကျိုးများက အထူးသဖြင့် လူငယ်လူရွယ်များအဖို့ ပိုမိုနစ်နာထိခိုက်စေမည်ဖြစ်သည်။

စီးပွားရေးကျရိပ်တွင် အလုပ်လက်မဲ့ပြဿနာ ယခုအထိလွန်စွာမဆိုးခြင်းမှာ အချို့ကုမ္ပဏီများက စီးပွားရေး နာလန်ထူမည်ဟူသောမျှော်လင့်ချက်ဖြင့် ဝန်ထမ်းအင်အားကို အုပ်ထိန်းထားခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ ကုမ္ပဏီများက သူတို့မျှော်လင့်ထားသလို ဖြစ်မလာပါက အလုပ်သမားဆက်လက်ခန့်ထားရှိမှုကို ဆက်မထိန်းနိုင်တော့သည့်အခြေသို့ ဆိုက်ရောက်နိုင်ပြီး ကြီးမားသော အလုပ်လက်မဲ့ဖြစ်မှုများသို့ ဦးတည်သွားနိုင်သည်။

ယူရိုဇုန်၏ မေလအတွင်းအလုပ်လက်မဲ့နှုန်းမှာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ယူရိုစတက် တရားဝင်စာရင်းဇယားများအရ သိရသည်။ ယူရိုဇုန်တွင် အလုပ်လက်မဲ့ဦးရေ ၁၇ ဒသမ ၅၆ သန်းရှိနေသည်။ ဤအရေအတွက်မှာ ၁၉၉၅ ခုနှစ်မှစတင်သည့် စံချိန်များတွင် အမြင့်ဆုံးစံချိန်ဖြစ်သည်။

ယခုအခါ စပိန်နိုင်ငံ၌ လူလေးဦးလျှင်တစ်ဦး အလုပ်လက်မဲ့ဘဝ ရောက်လျက်ရှိရာ ယူရိုဇုန်အတွင်း အလုပ်လက်မဲ့နှုန်းအမြင့်မားဆုံး နိုင်ငံဖြစ်လာသည်။

ယူရိုဇုန်အတွင်း လူငယ်အလုပ်လက်မဲ့နှုန်းမှာ မေလအတွင်းက ၂၂ ဒသမ ၆ ရာခိုင်နှုန်းရှိရာ အသက် ၂၅နှစ်အောက် လူငယ် ၃ ဒသမ ၄ သန်းမှာ အလုပ်အကိုင်မရှိကြောင်း ဖော်ပြနေသည်ကို တွေ့ရသည်။ ထိုသို့သောအခြေအနေများကြောင့် ဘဏ္ဍာရေးစနစ်ပြုပြင်ပြောင်းလဲရန်၊ ထုတ်လုပ်ရေး အရင်းအနှီး ပိုမိုရင်းနှီးမြှုပ်နှံရန်၊ ထိရောက်သည့် အလုပ်အကိုင် ဖန်တီးရေးအစီအစဉ်များ ချမှတ်ရန်၊ လူမှုဖူလုံရေး ကာကွယ်ထိန်းသိမ်းရန် စသည့် မူဝါဒများ ချမှတ်ဆောင်ရွက်ရေးအတွက် ယူရိုဇုန်နိုင်ငံများအား နိုင်ငံတကာ အလုပ်သမားအဖွဲ့ (အိုင်အယ်လ်အို)က အဆိုပြုထားသည်။

ယင်းသို့သော မူဝါဒပြုပြင်ပြောင်းလဲမှုဖြင့်သာ ယူရိုဇုန်အနေဖြင့် ခြိုးခြံချွေတာရေးနွံတွင်းမှ လွတ်မြောက်ပြီး လူမှုစီးပွားဘဝ ပြန်လည် နာလန်ထူကာ တိုးတက်အောင်မြင်သည့် လမ်းကို လျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

အာကာသသိပွဲ

မိုးမြင့်လင်းလက် – ရေးသည်

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အိန္ဒိယစေလွှတ်မည်



နယူးဒေလီ ဇူလိုင် ၁၆

အိန္ဒိယနိုင်ငံက အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ် စေလွှတ်ရန်အတွက် အိန္ဒိယအစိုးရက ခွင့်ပြုလိုက်ပြီဖြစ်ရာ မကြာမီကာလအတွင်း အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ် စေလွှတ်မည်ဖြစ်ကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့က ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

“မိမိတို့ရဲ့ အင်္ဂါဂြိုဟ်လေ့လာရေးခရီးစဉ်အတွက် ပြင်ဆင်ထားခဲ့ပြီးဖြစ်ရာ အိန္ဒိယအစိုးရရဲ့ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း၊ ယခုခွင့်ပြုချက်ရပြီဖြစ်သဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း”အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာအို) အကြီးအကဲ ကေရက်ဟာခ်ရစ်ဟန်က ပြောကြားသည်။

အိုင်အက်စ်အာအိုသည် အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်အား လာမည့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ၌ လွှတ်တင်ရန်စီစဉ်ထားသည်။ ထိုသို့လွှတ်တင်ရာတွင် အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ရှရီဟာရီကိုတာ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှနေ၍ လွှတ်တင်ရန်စီစဉ်ထားသည်။

ထိုသို့သတ်မှတ်ထားသည့်နှစ်အတိုင်း အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် မလွှတ်တင်နိုင်ပါက ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် အောင်မြင်စွာလွှတ်တင်နိုင်ရေး ကြိုးစားသွားမည်ဖြစ်သည်ဟု အိန္ဒိယနိုင်ငံထုတ် အိန္ဒိယတိုင်းမ်သတင်းစာက ဖော်ပြထားသည်။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အောင်မြင်စွာလွှတ်တင်နိုင်ရေးအတွက် မိမိတို့လေ့လာမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း၊ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်နှင့် ၎င်းယာဉ်ကို သယ်ဆောင်သွားမည့် ဒုံးပျံကိုလည်း နည်းစနစ်များ ချွတ်ယွင်းမှုမရှိစေရန် စစ်ဆေးပြင်ဆင်လျက်ရှိကြောင်း အိုင်အက်စ်အာအိုမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အပေါ်ပုံ)**

အိန္ဒိယနိုင်ငံသည် အာကာသရေးရာဂြိုဟ်နှင့်ကြယ်တာရာများကို လေ့လာမည့် အက်ထရိုဆက်အမည်ရှိ ဂြိုဟ်တုတစ်လုံးကို ၂၀၁၃ ခုနှစ်၌ လွှတ်တင်ရန်လည်း ဆုံးဖြတ်ထားကြောင်း အိုင်အက်စ်အာအိုအကြီးအကဲ ရက်ဟာခ်ရစ်ဟန်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ စာကြည့်တိုက်ရှိ ကမ္ဘာပေါ်တွင်အကြီးဆုံး မြေပုံစာအုပ်

လန်ဒန် ဇူလိုင် ၁၆

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ အင်္ဂလန်စာကြည့်တိုက်၌ထားရှိသော မြေပုံစာအုပ်ကြီးတစ်အုပ်မှာ ကမ္ဘာပေါ်တွင် အကြီးဆုံးမြေပုံစာအုပ်ကြီးဖြစ်ကြောင်း ဇူလိုင် ၁၆ ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

အဆိုပါ မြေပုံစာအုပ်ကြီးတွင် ကမ္ဘာပေါ်၌ ထင်ရှားသောနေရာများကို ဖော်ပြထားသည့် မြေပုံပေါင်းများစွာပါရှိသည်။ ၎င်းမြေပုံစာအုပ်ကြီး၏ အရွယ်အစားမှာ အနံခြောက်ပေနှင့် အမြင့်ကိုးပေရှိပြီး အလေးချိန်မှာ ကီလိုဂရမ် ၂၀၀ ရှိသည်။

ယင်းမြေပုံစာအုပ်ကြီးကို ဩစတြေးလျနိုင်ငံမှ စာအုပ်ထုတ်ဝေရေးလုပ်ငန်းဖြစ်သည့် မီလီယံဟောက်စ်မှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ မြေပုံစာအုပ်တွင် ကမ္ဘာပေါ်ရှိ ပလက်တီနမ်များတည်ရှိရာ မြေပုံများကိုလည်း စာမျက်နှာပေါင်း ၆၁ မျက်နှာဖော်ပြထားသည်။

မြေပုံများမှာ ဂြိုဟ်တုမှရိုက်ယူထားသည့် မြေပုံအများအပြားပါရှိပြီး အချို့မှာ ကင်မရာဖြင့်ရိုက်ယူထားသော ဓာတ်ပုံများဖြစ်သည်။ အချို့မြေပုံများမှာ ၁၆၆၀ ပြည့်နှစ်ခန့်က မြေပုံများလည်းပါဝင်ပြီး ယင်းမြေပုံများမှာ အင်္ဂလန် ချားလ်-၂ ဘုရင်လက်ထက်က အသုံးပြုခဲ့သည့် မြေပုံများဖြစ်သည်။

အဆိုပါမြေပုံများကို ၁၈၂၀ ပြည့်နှစ်က ဂျော့-၃ ဘုရင်လက်ထက်၌ စုဆောင်းခဲ့ပြီး စာကြည့်တိုက်၌ထားရှိခဲ့ခြင်းဖြစ်သည်။ ၎င်းမြေပုံစာအုပ်ကို အဆိုပါ စာကြည့်တိုက်၌ ရွှေ့ပြောင်းသယ်ယူရာတွင် ဝန်ထမ်းခြောက်ဦး စုပေါင်းလုပ်ကိုင်မှုရကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အာကာပဟိန်း - ရေးသားသည်

ကမ္ဘာ့အရှည်ဆုံး မော်တော်ကားတင်ကရိန်း တရုတ်ကုမ္ပဏီတစ်ခုက ထုတ်လုပ်နိုင်ခဲ့

ပေကျင်း ဇူလိုင် ၁၆

တရုတ်နိုင်ငံ အကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီတစ်ခုမှ ထုတ်လုပ်ထားသော မော်တော်ကားတင်ကရိန်းတစ်ခုမှာ ကမ္ဘာပေါ်တွင် အရှည်ဆုံးကရိန်းတစ်ခုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း ဇူလိုင် ၁၆ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။ အဆိုပါ မော်တော်ကားတင်ကရိန်းကို တရုတ်နိုင်ငံ SANY ကုမ္ပဏီမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ကရိန်းအရှည်မှာ ၂၈၂ ပေ ၈ ဒသမ ၇ လက်မရှိသည်။ ယင်းကရိန်းမှာ SANY ကုမ္ပဏီမှထုတ်လုပ်ခဲ့သော အရှည်ဆုံးကရိန်းများအနက် တတိယမြောက်ကရိန်းလည်းဖြစ်သည်။ SANY ကုမ္ပဏီမှ ယခင်ကထုတ်လုပ်ခဲ့သော အရှည်ဆုံးကရိန်းနှစ်ခုမှာ ၂၀၀၇ ခုနှစ်ကထုတ်လုပ်ခဲ့သည့် အရှည် ၂၁၆ ပေ ၆ လက်မမြင့်သော ကရိန်းတစ်ခုနှင့် ၂၀၀၉ ခုနှစ်က ထုတ်လုပ်ခဲ့သော အရှည် ၂၃၄ ပေ ၁ ဒသမ ၂ လက်မရှိသော ကရိန်းတစ်ခုတို့ဖြစ်သည်။ တရုတ်နိုင်ငံမှ ဇန်လိုင်းရှန်းကုမ္ပဏီကလည်း ၂၀၁၁ ခုနှစ် စက်တင်ဘာလက အရှည် ၂၆၂ ပေ ၉ ဒသမ ၅၈ လက်မရှိသော မော်တော်ကားတင်ကရိန်းတစ်ခုကို ထုတ်လုပ်ခဲ့သေးသည်။ ယင်းအချိန်က အဆိုပါကရိန်းမှာ ကမ္ဘာ့အရှည်ဆုံးကရိန်းတစ်ခုဖြစ်ခဲ့သည်။ **(အပေါ်ပုံ)**

SANY ကုမ္ပဏီကထုတ်လုပ်လိုက်သည့် ကမ္ဘာ့အရှည်ဆုံးမော်တော်ကားတင်ကရိန်းမှာ မြစ်ကူးတံတားများ၊ မိုးပျံအဆောက်အအုံများနှင့် အခြားအရွယ်အစားကြီးမားသော အဆောက်အအုံများ တည်ဆောက်ရာတွင် အသုံးပြုရန်အတွက်ဖြစ်သည်။ ယခုကရိန်းကို ဂင်းနက်စ်မှတ်တမ်းတင်သူများက ကမ္ဘာပေါ်၌ အရှည်ဆုံးကရိန်းတစ်ခုအဖြစ် တရားဝင်မှတ်တမ်းတင်ဖော်ပြခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လန်ဒန်မြို့မှအမျိုးသမီးငယ်ခုနစ်ဦး နေရာအကျဉ်းဆုံး၌ စုစည်းနေထိုင်မှုစံချိန်တင်

လန်ဒန် ဇူလိုင် ၁၆

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ အမျိုးသမီးငယ်ခုနစ်ဦးတို့က ဧရိယာအကျဉ်းဆုံး စုစည်းနေထိုင်ပြီး ဓာတ်ပုံအရိုက်ခံခဲ့ရာ ကမ္ဘာပေါ်တွင် အမျိုးသမီးဦးရေ အများဆုံးက ဧရိယာအကျဉ်းဆုံး၌ စုစည်းနေထိုင်နိုင်သူများအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

လန်ဒန်မြို့တွင် နေထိုင်သောအသက် ၁၈ နှစ်အရွယ် အမျိုးသမီးငယ်ခုနစ်ဦးတို့က အကျယ် နှစ်ပေ၊ အမြင့် ငါးပေရှိသော အခန်းငယ်အတွင်း ဝင်ရောက်ကာ စုစည်းနေထိုင်ပြသခဲ့ပြီး ဓာတ်ပုံအရိုက်ခံခဲ့ကြခြင်းဖြစ်သည်။ **(ယာပုံ)**

ထိုသို့နေရာအကျဉ်းဆုံး၌ အမျိုးသမီးဦးရေအများဆုံး နေထိုင်ပြသမှုကို ဓာတ်ပုံဆရာ အိုလီဗာဂမ်ပယ်က မှတ်တမ်းတင်ရိုက်ကူးခဲ့ပြီး ဂင်းနက်စ်မှတ်တမ်းဝင်အောင် တင်ပြခဲ့ခြင်းဖြစ်သည်။ ယင်းဓာတ်ပုံပေါင်းများစွာကိုလည်း ပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။ ဂင်းနက်စ်မှတ်တမ်းတင်ရန်အတွက် တာဝန်ရှိသူများကိုယ်တိုင်လက်တွေ့လာရောက်လေ့လာခဲ့ပြီးနောက် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

● *ပြည်သူ့လွှတ်တော်မှ*

တစ်ဖက်သတ်ဆန်နေပါကြောင်း၊ ၎င်းကိစ္စအား ပြန်လည်သုံးသပ်၍ မြန်မာပြည်သူများအကျိုး၊ မြန်မာတိုင်းရင်းသားများ၏ အကျိုးကိုပါ စဉ်းစားဆောင်ရွက်ပေးရန် လိုပါကြောင်း၊ မိမိနှင့်အတူ အစည်းအဝေးတက်ရောက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် အမေရိကန်နိုင်ငံ ဒုတိယဝန်ကြီး၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Derek Mitchell ကိုပါ မေတ္တာရပ်ခံခဲ့ပါကြောင်း။

သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များထဲမှ စွမ်းဆောင်နိုင်သော မျိုးချစ်ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် မြန်မာနိုင်ငံအပေါ် ထပ်မံသက်တမ်းတိုး ပိတ်ဆို့အရေးယူမှုမပြုရန်နှင့် နှစ်လမ်းသွား မျှတသော စီးပွားရေးဖြေလျှော့မှုများနှင့် ငွေကြေးပုံမှန်လဲလှယ်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးပါရန် အလေးအနက်တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်းဖြင့် ပြောကြားသည်။

မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၏ **လယ်သမားအများစု အလုပ်လက်မဲ့ဘဝသို့ ရောက်သွားသည့်ကိစ္စ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများဘက်က တရားမဲ့ နိုင်ထက်စီးနင်း ဆောင်ရွက်နေသည့်ကိစ္စနှင့် ကုမ္ပဏီများက တစ်ဧကကျပ်(၃၅၀၀၀)စသည်ဖြင့် ပေးချေခြင်းသည် မြေသိမ်းအက်ဥပဒေနှင့်အကျုံးမဝင်သည်ကို သက်ဆိုင်ရာကုမ္ပဏီများ သိနားလည်အောင် အသိပေးခြင်းတို့ကို မည်သို့ဆောင်ရွက်ပေးမည်၊ ဒဂုံမြို့သစ်မြို့နယ်များမှ စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်တွင် လယ်လုပ်ပိုင်ခွင့်ဆုံးရှုံးနေသည့် မူလလက်ငုတ်လယ်သမားများအား ဥပဒေနှင့်အညီ သီးစားအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် ဆုံးရှုံးခဲ့သော လယ်သမားများအား မူလအတိုင်းလယ်မြေများကို ပြန်လည်လုပ်ကိုင်ခွင့်ရရှိအောင် သက်ဆိုင်ရာပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒဂုံမြို့သစ်မြို့နယ်များမှ ခေတ်မီလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်လုပ်ကွက်များ ဖော်ထုတ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ယခင်ကျင်းပပြီးစီးခဲ့သော လွှတ်တော်အစည်းအဝေးများတွင် ပြည့်စုံစွာ ရှင်းလင်းဖြေကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခင်က လုပ်ကိုင်ခဲ့ကြသော လယ်သမားမိသားစုများအနေဖြင့် ယခု ခေတ်မီစက်မှုလယ်ယာစနစ်ကူးပြောင်းပြီးဖြစ်သော လယ်မြေများပေါ်တွင် မိမိတို့ကျွမ်းကျင်သည့် လုပ်ငန်းအလိုက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းစသည့် လယ်ယာလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မိမိတို့ လုပ်အားအလျောက် ထိုက်တန်သည့် လုပ်အားခများရရှိနေကြပြီး မိသားစုအလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိနေကြပြီဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဒေသအတွင်း ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအား အောက်ခြေ မြေပြင်ပကတိအခြေအနေမှန်အတိုင်း ဥပဒေနှင့်အညီ စိစစ်ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေကို လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် လယ်ယာမြေနည်းဥပဒေများကို ရေးဆွဲပြီးဖြစ်ရာ မကြာမီအတည်ပြုထုတ်ပြန်နိုင်တော့မည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ ပေါ်ပေါက်လာမည့် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပကတိအခြေအနေမှန်များအပေါ်မူတည်၍ နိုင်ငံတော်၏ အမျိုးသားရေး ရေရှည်အကျိုးစီးပွားအတွက် စိစစ်စစ်ဆေးဖြေရှင်း ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် နိုင်ငံတော်၏စားနပ်ရိက္ခာစီမံခန့်ခွဲမှုကို မဟာဗျူဟာမြောက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏တစ်နေ့စားသုံးမှု အပေါ်အခြေခံ၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအတွက် အထောက်အကူရရှိစေရန် ဆန်စပါးကို အရန်ရိက္ခာဆန်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကြိတ်ခွဲရာတွင် ဆန်ပိုမိုထွက်ရှိနိုင်ရေးအတွက် ခေတ်မီဆန်စက်များ ထူထောင်ရေးကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဉ္စမကာလတို (၅)နှစ်စီမံကိန်းကာလ၏ ဒုတိယနှစ်ဖြစ်သည့် ယခု ၂၀၁၂-၂၀၁၃ခုနှစ်တွင် စပါးဧက(၁၉ ဒသမ ၃၁)သန်း စိုက်ပျိုးသွားရန် ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဧက(၁၉ ဒသမ ၄၆)သန်း တိုးတက်စိုက်ပျိုးသွားရန် ရည်မှန်းထားပါကြောင်း။

နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေးအတွက် ပြည်တွင်းစားသုံးမှုပိုလျှံမှုသာ ပြည်ပပို့ကုန်များကို ကုန်သွယ်မှုမူဝါဒနှင့်အညီ တင်ပို့ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဆန်ထုတ်လုပ်မှု တိုးတက်ဖြစ်ထွန်းစေရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍက နိုးကြားစွာပါဝင်နိုင်ရေး မဟာဗျူဟာမြောက် စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဆန်စပါးအသင်းနှင့် ဗဟိုသမဝါယမအသင်းတို့က ဆန်ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မိုးစပါး၊ နွေစပါးများကို လယ်သမားထံမှ တိုက်ရိုက်ဝယ်ယူကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထွက်နှုန်းကောင်းသည့် မျိုးစပါးများထုတ်လုပ်နိုင်ရန်အတွက် ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် အကျိုးဆောင်တောင်သူများပူးပေါင်း၍ စမ်းသပ်စိုက်ပျိုး ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အချိန်တိုအတွင်း ဖြစ်တည်လာစေရန် နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ လမ်းလုပ်ငန်းကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

ဟိုပုံးမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ၏ **ကျွန်းတောင်- ကျောက်တလုံး- ဆိုက်ခေါင်- ဟိုနမ့်- မောက်မယ် လမ်းအား လမ်းအဆင့်မြှင့်တင်ပေးပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းမ သို့မဟုတ် ပြည်ထောင်စုလမ်းအဆင့်အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျွန်းတောင်- ကျောက်တလုံး- ဆိုက်ခေါင်- ဟိုနမ့်- မောက်မယ်လမ်းသည် အရှည် (၈၈)မိုင် (၁)ဖာလုံ ရှိသည့်အနက် လွိုင်ဆောင်- ဆိုက်ခေါင်အပိုင်း (၉)မိုင် (၁)ဖာလုံသည် နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သောအပိုင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် ပြောင်းလဲရန် တင်ပြထားပါကြောင်း။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်း-တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရ၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်း-တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယင်းလမ်းကို ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲမည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်းစာရင်းတွင် ထည့်သွင်းပေးပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ညောင်တုန်းလမ်းမကြီး မိုင်တိုင် (၁)မိုင် (၄)ဖာလုံမှ မိုင်တိုင်(၂)မိုင် (၆)ဖာလုံအကြားအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက ကိုယ်စားမေးမြန်းရာ အဆိုပါ လမ်းပိုင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် (၃)မိုင် (၂)ဖာလုံ အရှည်ရှိသော အောင်ဇေယျတံတားချဉ်းကပ်လမ်းတွင်ပါဝင်ပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်အား ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ မေးခွန်းပါ လမ်းမိုင်တိုင်အကြားအပိုင်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က ဇွန် ၁၈ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘီအိုတီလုပ်ငန်းရှင်များအား သတ်မှတ်စည်းကမ်းချက်များအတိုင်းဆောင်ရွက်ရန် တွန်းအားပေးညွှန်ကြားလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြန်လည်ဖြေကြားသည်။

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ **အောက်ခြေဝန်ထမ်းများအား ခွဲပေးခြင်း၊ အစိုးရဘတ်ဂျက်သို့ အခြားဝင်ငွေဖြင့် ပြန်လည်ပေးသွင်းခြင်းပြုရပြီး ပြည်သူများအကြား အမည်ဆိုးထွက်နေသော စရိတ်မျှပေး ကျန်းမာရေးစနစ်ကို ဖျက်သိမ်းရန် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် လက်ရှိကျင့်သုံးနေသော စရိတ်မျှပေးကျန်းမာရေးစနစ်၌ အောက်ခြေဝန်ထမ်းများအား ခွဲဝေပေးခြင်း မပါဝင်ပါကြောင်း၊ ပြည်သူ့ဆေးရုံရှိ သီးသန့်လူနာခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့်ရောဂါရှာဖွေရေးဌာနများမှရရှိသော ဝင်ငွေများကို သတ်မှတ်အချိုးအစားအတိုင်း နိုင်ငံတော်၏သာမန်ရငွေအဖြစ် ပေးသွင်းခြင်း၊ ဆေးရုံ၏ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အသုံးပြုခြင်း၊ ဆေးရုံသို့ တက်ရောက်ကုသမှုခံယူသော ဆေးဖိုးမတတ်နိုင်သည့် လူနာများအတွက် ဆေးဝါးများထောက်ပံ့ပေးခြင်းဖြင့် စနစ်တကျ ခွဲဝေအသုံးပြုလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်ရငွေအဖြစ်ပေးသွင်းမှုနှင့် ခွဲဝေသုံးစွဲမှုတို့ကို သက်ဆိုင်ရာဆေးရုံများက သတ်မှတ်ပုံစံဖြင့် လစဉ်အစီရင်ခံစာများပြည့်စုံစွာပြုစုပေးပို့လျက်ရှိရာ ကျန်းမာရေးဦးစီးဌာနက အဆင့်ဆင့်စိစစ်ကြီးကြပ်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုရရှိစေရန်၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် မြို့နယ်အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုစရိတ် အကာအကွယ်ပေးရေး အစီအစဉ်များ ဖြစ်နိုင်ခြေ ရှိ/မရှိကို လေ့လာသည့် သုတေသနအဖြစ် ၂၀၁၁ခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလေ့လာမှုမှတွေ့ရှိချက်အပေါ် အခြေခံ၍ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေရှိမည့် မြို့နယ်အခြေပြု လူမှုကျန်းမာရေး အာမခံစနစ်ကို စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်းနှင့် (၅)နှစ်အောက်ကလေးများ သေဆုံးမှုနှုန်း လျှော့နည်းရေးအတွက် လုပ်ငန်းစီမံချက်များ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ အခြေအနေနှင့် ၂၀၁၅ ခုနှစ် ရည်မှန်းချက်ထားရှိမှုတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်က ကိုယ်စားမေးမြန်းရာ မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ကိုယ်ဝန်ဆောင် မိခင်သေဆုံးမှုနှုန်းနှင့်(၅)နှစ်အောက်ကလေးများ သေဆုံးမှုနှုန်း လျှော့နည်းရေးအတွက် လုပ်ငန်းစီမံချက်များချမှတ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ အရှင်မွေးတစ်သိန်းတွင် မိခင်သေဆုံးမှုနှုန်းမှာ၂၀၀၀ပြည့်နှစ်တွင် (၃၀၀)၊ ၂၀၀၅ ခုနှစ်တွင် (၂၃၀)၊ ၂၀၁၀ပြည့်နှစ်တွင် (၂၀၀)တို့ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွက် သေဆုံးမှုလျှော့နည်းရေးမျှော်မှန်းချက်မှာ (၁၃၀) ဖြစ်ပါကြောင်း၊ အရှင်မွေးတစ်ထောင်တွင် (၅)နှစ်အောက် ကလေးသေဆုံးမှုနှုန်းမှာ ၂၀၀၃ခုနှစ်တွင် (၆၆ ဒသမ ၁)ဦး၊ ၂၀၀၉ခုနှစ်တွင် (၄၆ ဒသမ ၁)ဦးဖြစ်ပြီး ၂၀၁၅ခုနှစ်အတွက် သေဆုံးမှု လျှော့နည်းရေးမျှော်မှန်းချက်မှာ(၄၃ ဒသမ ၃)ဦး ဖြစ်ပါကြောင်း၊ လိုအပ်သော ကျန်းမာရေးအသုံးစရိတ်များ ရရှိရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော Aus Aid နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် လိုအပ်မည့်ဥပဒေများ၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍ ၌ ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်က **သဘာဝဝန်းကျင် တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုတို့ကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်းသစ်တောမြေများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိအရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်း**အဆိုနှင့် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းက **မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေး စီမံချက်ချဆောင်ရွက်ပါရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်း** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲအရောက် အမည်စာရင်းတင်သွင်းကြရန် ဖြစ်ကြောင်းသိရသည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားပြီး အစည်းအဝေးဒသမနေ့ကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းများ ခရီးသွားလာခွင့်အမိန့်ဖြင့် စီးနင်းခွင့်ပြုသည့် လက်မှတ်နှုန်းထားအား ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံတော့မည်

နေပြည်တော် ဇူလိုင် ၁၆

ဌာနဆိုင်ရာဝန်ထမ်းများအား ခရီးသွားလာခွင့်အမိန့်ဖြင့်ဝယ်ယူစီးနင်းခွင့်ပြုထားသည့် ခရီးစဉ်အလိုက် မီးရထားလက်မှတ်ခနှုန်းထားများကို ၅၀ ရာခိုင်နှုန်းဖြင့် စီးနင်းခွင့်ပြုခဲ့ရာမှ ဩဂုတ်လ ၁ ရက်မှစတင်၍ ၇၅ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်တော့မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ၁၉၉၇ ခုနှစ် မေလမှစတင်၍ ဌာနဆိုင်ရာဝန်ထမ်းများကို သက်ဆိုင်ရာဌာန၏ ခရီးသွားလာခွင့်အမိန့်(MO)၊ ဝန်ထမ်းကတ်နှင့်အတူ လက်မှတ်ဝယ်ယူရာတွင် လက်မှတ်ခကို ဝန်ထမ်းနှုန်းအဖြစ် ၅၀ ရာခိုင်နှုန်း လျှော့ပေါ့ဆောင်ရွက်ပေးခဲ့သည်။

သို့သော်လည်း ယခုအခါတွင် မြန်မာ့မီးရထား၏ ဝင်ငွေပိုမိုတိုးတက်ရရှိစေရေးအတွက် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များကို ခရီးစဉ်အလိုက် ကျသင့်လက်မှတ်ခနှုန်းထားမှ ၂၅ ရာခိုင်နှုန်းသာ လျှော့ပေါ့ပေးတော့မည်ဖြစ်သည်။ **မျိုးမြင့်(သတင်းစဉ်)**

ခန္တီးမြို့နယ် စိုးရိမ်ရေမှတ်

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၂၂၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

(သား)ခင်မောင်မြင့်အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ကုန်းဘောင် (၁၀)လမ်း (၆) ရပ်ကွက် အမှတ်(၈၃၈)နေ ဦးကြင်အေး-ဒေါ်မြင့်လှ မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ရိပ်သာအမှုဆောင်ဦးမြင့်မောင်ထံ လှူဒါန်းစဉ်။ (၀၀၉)

နောင်ချိုမြို့နယ်၌ နွေစပါးပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

နောင်ချို ဇူလိုင် ၁၆

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၆၉) ဦးပိုင်အမှတ် (၂၆) တောင်သူ ဦးထွန်း၏ နွေစပါး ပုလဲသွယ်စပ်မျိုးစပါးစိုက်ဧက ၂ ဒသမ ၅၀ တွင် နွေစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ကွင်းအမှတ် (၇၂) ဦးပိုင်အမှတ် (၁) ငွေရည်ပုလဲကုမ္ပဏီ၏ ၁၂ ဒသမ ၀၀ ဧကတွင် မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချခြင်းကို ဇူလိုင် ၁ ရက်က ကျင်းပရာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်လေ့လာခဲ့ကြသည်။

ထွက်ရှိ

အဆိုပါ နွေစပါးပုလဲသွယ်စပ်မျိုးစပါးစံကွက်(၆. ၆× ၆. ၆)ပေ ရိတ်သိမ်းရာ ပျမ်းမျှတစ်ဧကအထွက်နှုန်း အခြောက်အထွက် ၂၁၃ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ကမ်းရိုးတန်းတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၀ ဒသမ ၆၆ လက်မ၊ မောင်တောမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် တောင်ငူမြို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံအဝန်း သစ်တောစိမ်းဖြင့် စိမ်းလန်းစေရမည်

** ကျော်ဖုံးမှ*

နောင်တစ်ချိန်တွင် ပြင်ပဆရာဝန်များ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ တက်ရောက်ခွင့်ပြုနိုင်ရေးကို ကျန်းမာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများတွင် အကြိမ်ကြိမ် ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ လောလောဆယ်တွင် Training Capacity အရ နိုင်ငံ့ဝန်ထမ်းဆရာဝန်များအတွက်ပင် ဘွဲ့လွန်သင်တန်းများသို့ လုံလောက်စွာ လက်ခံသင်ကြားပေးနိုင်ခြင်းမရှိသေးပါကြောင်း။

ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နေသော ပြင်ပဆရာဝန်များ၏ ကုသမှုအရည်အသွေး တိုးတက်စေရန်အတွက် ၎င်းတို့ဆေးရုံ၊ဆေးခန်းမှ တာဝန်ယူ၍ စဉ်ဆက်မပြတ် ဆေးပညာဆည်းပူးရေးနှင့် ပညာသင်ကိစ္စများ စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းနှင့် ဘွဲ့လွန်သင်တန်းများကို တက်ရောက်နိုင်ရေးအတွက် အခြေအနေပေးသည့်အချိန်တွင် လက်ခံသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တတိယမေးခွန်းနှင့် စပ်လျဉ်း၍ တနင်္သာရီမြို့နယ်ပြည်သူ့ဆေးရုံရှိ ECG စက်အဟောင်းမှာ ပျက်စီးနေ၍ လွန်ခဲ့သော(၄)လခန့်က ဆေးရုံကြီးကြပ်ရန်ပုံငွေဖြင့် ECG စက်အသစ်(၁)လုံးဝယ်ယူအသုံးပြုလျက်ရှိပါကြောင်း၊ ဓာတ်မှန်စက် (50mA) အား ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရေးဌာန အင်ဂျင်နီယာမှ ၆-၇-၂၀၁၂ ရက်တွင် ပြုပြင်ပေးလျက်ရှိပါကြောင်းနှင့် ပြုပြင်၍မရပါက ဓာတ်မှန်စက် အသစ်(၁) လုံး ထောက်ပံ့ရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ကုသမှုများ အနေဖြင့် မြို့နယ်ဆေးရုံအဆင့်တွင် ဆောင်ရွက်ပေးနိုင်သော ခွဲစိတ်ကုသမှုများကို ပြုလုပ်ပေးခြင်း၊ အထူးကုဆရာဝန်များဖြင့် ကုသမှုခံယူရန်လိုအပ်ပါက နီးစပ်ရာ ပြည်သူ့ဆေးရုံကြီးများသို့ စနစ်တကျ လွှဲပြောင်းကုသမှုခံယူစေခြင်း၊ လွှဲပြောင်းကုသရန်လိုအပ်သည့်အကြောင်းကိုလည်း လူနာနားလည် သဘောပေါက်စေရန် ကျန်းမာရေးဝန်ထမ်းများက သေချာစွာရှင်းပြခြင်းဖြင့် လူနာများ အားကိုးယုံကြည်မှုရှိအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီမြို့ပြည်သူ့ဆေးရုံသည် ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံဖြစ်သောကြောင့် ဖွဲ့စည်းပုံအရ ခွဲစိတ်ဆရာဝန်ရာထူးနေရာ ပါဝင်ခြင်းမရှိပါသဖြင့် ခွဲစိတ် ဆရာဝန် ခန့်ထားပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း၊ နောင်အခါ လူနာများ များပြားလာပါက လုပ်ငန်းလိုအပ်ချက်အရ လက်ထောက်ဆရာဝန် (ခွဲစိတ်) (၁)ဦးနှင့် ခွဲစိတ်ကျွမ်းကျင်သော မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး(၁)ဦးအား အမြန်ဆုံးခန့်ထားပေးမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ဝင်းမြင့် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

စတုတ္ထမေးခွန်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ (၁၆)ခုတင်ဆံ့ ဘန်ကောက် တိုက်နယ်ဆေးရုံအသစ်ကို ကျန်းမာရေးဦးစီးဌာန၏ ၁၃-၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ကမဘ/ဃ-၉၂၂/၅ ဖြင့် ဖွင့်လှစ်ခွင့်ပြုမိန့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းတိုက်နယ်ဆေးရုံ၏ အဆောက်အအုံ ဆောက်လုပ်ရေးကိစ္စကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး၏ **"မြို့တွင်း ပြေးဆွဲနေသော ဘတ်စ်ကားများနှင့် အဝေးပြေးခရီးသည် တင်ယာဉ်များတွင် ထိုင်ခုံနေရာများ ကြပ်ညပ်စွာ စီစဉ်ထားရှိခြင်း အပါအဝင် ခရီးသည် တင်ယာဉ်တစ်စီး၏ စံနှုန်းနှင့်ကိုက်ညီမှုမရှိသည်များကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ **"လက်ပံတန်း-သာရဝေါ ရထားလမ်း သံလမ်းများ ပိုမိုတောင့်တင်းရေးအတွက် ရထားလမ်းဆိုးသောနေရာအချို့ကို အချိန်မီပြုပြင်နိုင်ခဲ့သော်လည်း ကျန်နေရာများ ပြုပြင်ရန် လမ်းခင်းကျောက်ရထားတွဲ(၂၁)တွဲခန့် လတ်တလောလိုအပ်နေပါသဖြင့် ပို့ဆောင်ပေးနိုင်မည့် ခန့်မှန်းအချိန်ကို သိလိုပါကြောင်း"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကဖြေကြားရာတွင်-

ပထမမေးခွန်းနှင့် စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြို့တွင်းပြေးဆွဲနေသော ဘတ်စ်ယာဉ်များနှင့် အဝေးပြေးခရီးသည်တင်ယာဉ်များအား တစ်နှစ်လျှင်တစ်ကြိမ် ယာဉ်ကြံ့ခိုင်မှုနှင့် မှတ်ပုံတင်လုပ်ငန်းရပ်များအတွက် ယာဉ်စစ်ဆေးပြီး လမ်းပေါ်တွင် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုနိုင်ခြင်း၊ မူလထုတ်လုပ်သူ၏ စံချိန်စံညွှန်းနှင့် ကနဦးမှတ်ပုံတင်စဉ်က သတ်မှတ်ခွင့်ပြုထားသည့် ခရီးသည်တင်ဆောင်နိုင်မှု (Capacity) အတိုင်း ထိုင်ခုံအရေအတွက်ရှိခြင်းတို့ တွေ့ရှိမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပါကြောင်း။

ယာဉ်ပိုင်ရှင်အချို့သည် မူရင်းထိုင်ခုံများထက် ခရီးသည်ပိုမိုတင်ဆောင်နိုင်ရန် ထိုင်ခုံအရေအတွက် တိုးမြှင့်၍ ပြန်လည်ပြုပြင်တည်ဆောက်ကြပါကြောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက် (Capacity)ထက် ကျော်လွန်သော ထိုင်ခုံအရေအတွက်အား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုခြင်းမရှိပါကြောင်း။

ပြည်တွင်းတွင် အသုံးပြုနေသော ခရီးသည်တင်ယာဉ်များမှာ ဂျပန်နိုင်ငံထုတ်ယာဉ်အများစုဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၎င်းယာဉ်တို့၏ Type Approval သတ်မှတ်ချက်အရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုင်ခုံအရေအတွက်တိုးခြင်း၊ ပြုပြင်ခြင်းများကို အရေးယူဆောင်ရွက်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ နှစ်စဉ်မော်တော်ယာဉ်သက်တမ်းတိုးချိန် စစ်ဆေးခြင်း၊ သက်ဆိုင်ရာဒေသရှိ တာဝန်ရှိသူများနှင့်အတူ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါ ပူးပေါင်း၍ အဝေးပြေးကားဝင်းများ၌ ယာဉ်လိုင်းပြေးဆွဲခြင်းမပြုမီ စစ်ဆေးခြင်း၊ မြို့တွင်း ခရီးသည်တင် ဂိတ်များ၌ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကလည်း သတ်မှတ်ချက်နှင့် မကိုက်ညီသည့်ယာဉ်များ တွေ့ရှိပါက သတင်းပေး အကြောင်းကြားခြင်းအားဖြင့် ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားအနေဖြင့် ကျောက်ရထားစုစုပေါင်း (၁၉)စင်းကို အသုံးပြု၍ ရထားလမ်းပိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် အထိရောက်ဆုံးနည်းလမ်းများရှာဖွေ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်-မန္တလေး အစုန်/အဆန် (၇၇၁)မိုင်နှင့် ရန်ကုန်မြို့ပတ်လမ်း အစုန်/အဆန် (၅၉)မိုင်တို့ကို ပထမဦးစားပေးကျောက်ဖြည့်တင်းလျက်ရှိပါကြောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် ၂၀၁၁ ခုနှစ် ဇွန်လမှ ယနေ့အထိ ကျောက်ကျင်းပေါင်း(၁၃၇၄ ဒသမ ၈၀)ကိုသာ ဦးစားပေးအလိုက် ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ ယခုလက်ပံတန်း-သာရဝေါ လမ်းပိုင်းမှာ ဒုတိယဦးစားပေးဖြစ်သည့်အတွက် ဩဂုတ်လကုန်မတိုင်မီ အပြီးဖြည့်တင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီတွင်ရပ်နားလိုက်ပြီး ဒသမနေ့အစည်းအဝေးကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)
၁၇-၇-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ အဂ္ဂိဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ အံ့ဖွယ်အစုံအလင်နဲ့ သာသနာ့သမိုင်းဝင်တဲ့ ဖိုလ်ဝင်တောင်

ညပိုင်း

- ၄း၂၀ **သတိတစ်ချက်၊ တစ်သက်အမှား**
- ၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၂၀ ရောင်စုံရေးသီတေးပန်းချီ (တွံတေးသိန်းတန်)
- ၇း၃၅ လူကုန်ကူးမှုဆိုင်ရာပညာပေး အစီအစဉ်
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - ချိုမြိန်ရသာမုန့်ကမ္ဘာ

ဇူလိုင် ၆ ရက်က ပေါက်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးက မိုးပွင့်(၃)စီမံချက်ဖြင့် ကညောင်ဝန်းပေါက်ကျေးရွာ အမကကျောင်းတွင် မြို့နယ်ဦးစီးဌာနမှူးဦးသိန်းညွန့်နှင့်ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်စဉ်။ (၁၀၂)

ကြံခင်းမြို့နယ်၌ ကျောင်းဝတ်စုံထောက်ပံ့

ကြံခင်း ဇူလိုင် ၁၆

ကြံခင်းမြို့နယ်၌ ပျံကျဈေးသည်နှင့် အနေးယာဉ်မောင်းလုပ်သားများ၏ သားသမီး ၃၃ ဦးအား ကျောင်းဝတ်စုံတစ်စုံစီ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၈ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျောင်းဝတ်စုံများကို မြို့နယ် အမှုဆောင်အရာရှိက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့်ကုန်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၆

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ၊ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့်စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်ကြည်ကြည်မြမိသားစုက ငွေကျပ်သုံးသိန်းနှင့် အဝတ်အထည်တစ်ထုပ်၊ ဦးတင်ထွန်းသက်- ဒေါ်မေစန်းမြင့်မိသားစုက ပန်းကန်လေးခြင်း၊ အဝတ်အထည်နှစ်အိတ်၊ စောင်တစ်အိတ်၊ တီးဆက်တစ်ဘူး၊ ဒေါက်တာသိန်းထွန်း- ဒေါက်တာသန်းတိုးမိသားစုက ငွေကျပ်တစ်သိန်းနှင့် ပန်းကန်တစ်ခြင်း၊ အဝတ်အထည်နှစ်ထုပ်၊ မခိုင်သဇင်ဦးက ငွေကျပ်တစ်သောင်းငါးထောင်၊ ဦးမျိုးနိုင်ဦး- ဒေါ်ဥမ္မာသားမောင်အောင်မြတ်သူ၊ မောင်သန့်ဇင် (စင်ကာပူ)မိသားစုက ငွေကျပ်တစ်သိန်း၊ ဓမ္မရတနာဆရာတော် ဦးဉာဏောဘာသ ပဲခူးမြို့က ငွေကျပ်ငါးသောင်းနှင့် သင်္ကန်းငါးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့်တာဝန်ရှိသူများကလက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ၂၉၁၃၂၀၅၂၃ကျပ်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေ တက်မည်

နေပြည်တော် ဇူလိုင် ၁၆

ဇူလိုင် ၁၉ ရက်မှ ၂၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀ ပေခန့်မှ ၂၀ ဒသမ ၆ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၀-၂၀၁၁ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့် အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားထားသည်။ **(သတင်းစဉ်)**

လှိုင်လင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဇွန် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင် ရှင်းလင်းပြောကြားစဉ်။ (၀၅၂)

ဘော်လီဘောဒိုင်လူကြီး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဘော်လီဘောဒိုင်လူကြီးသင်တန်း 2012 FIVB, VCP Refereeing Course ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အမှုဆောင်များ၊ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စောဝင်းသောင်၊ ဘော်လီဘောဒိုင်လူကြီး သင်တန်းညွှန်ကြားရေးမှူး Mr. Songsak Chareonpong (ထိုင်း)တို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ သင်တန်းသားများအား မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်း ပေးအပ်သည်။

ဆက်လက်၍ သင်တန်းညွှန်ကြားရေးမှူး Mr.Songsak Chareonpong (ထိုင်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက သင်တန်းညွှန်ကြားရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပူတာအိုခရိုင်၌ ကျင်းပ

ပူတာအို ဇူလိုင် ၁၆

ကချင်ပြည်နယ် ပူတာအိုခရိုင်၏ ၂၀၁၂ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ခါကာဘိုဂေါက်ကွင်းဝင်းအတွင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်ဇော်နန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင် မိသားစုများ၊ (NGO) အဖွဲ့အစည်းများ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဦးတို့က (NGO) အဖွဲ့အစည်းများအား ပျိုးပင်များပေးအပ်ကြသည်။ အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကျွန်း၊ ရေသင်းဝင်၊ စွယ်တော်၊ သစ်အယ်ပင်များ အပင်ပေါင်း ၆၀၀ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘဏ္ဍာငွေကြေးများ အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲ သတ်မှတ်သည့် လမ်းစံချိန်စံညွှန်းနှင့်အညီလုပ်ဆောင်ကြရေး ကြပ်မတ်

နေပြည်တော် ဇူလိုင် ၁၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် ပြည်ခရိုင်ရုံး နဝဒေးရိပ်သာ အစည်းအဝေးခန်းမဆောင်၌ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ မြို့နယ်လက်ထောက်အင်ဂျင်နီယာများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်အင်ဂျင်နီယာများအနေဖြင့် အရာရှိအဆင့်တိုးမြှင့်ခန့်ထားပြီးဖြစ်သဖြင့် မိမိတာဝန်ယူဆောင်ရွက်သည့် ခရိုင်အတွင်း လမ်း/တံတားလုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးတက်အောင်မြင်အောင် အထူးအလေးထားဆောင်ရွက်ကြရန်၊ မိမိနယ်မြေအတွင်းရှိ B.O.T လမ်းများကိုလည်း အမြဲမပြတ်စစ်ဆေးပြီး ကြီးကြပ်ကွပ်ကဲကာ လိုအပ်သည်များကို ကူညီဆောင်ရွက်သွားရန်၊ လမ်းခင်းရာတွင် အသုံးပြုသည့် ကတ္တရာ၊ စက်သုံးဆီများကိုလည်း အလေအလွင့်မရှိအောင် စနစ်တကျစိစစ်အသုံးပြုရန်၊ လမ်းအဆင့်လေးမျိုးကို နှစ်အလိုက်အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန်၊ လမ်းများပျက်စီးမှု မရှိစေရန် တန်ပိုယာဉ် တားဆီးရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်သွားရန်နှင့် ပန်းတောင်း-ကံမလမ်းအား ပြင်ဆင်ရေး စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-ပြည်လမ်းမှ တစ်ဆင့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အထူးစီမံကိန်းကြီးအဖွဲ့(၁)၏ လမ်းစခန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းသည် ပဲခူးတိုင်းဒေသကြီး၏ အနောက်ခြမ်းနှင့် အရှေ့ခြမ်းကို ဆက်သွယ်ပေးသော အဓိကကျသည့် လမ်းတစ်လမ်းဖြစ်သည့်အတွက် မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လမ်းဘေး ဘယ်/ညာ လမ်းပခုံးများအား ဂဝံမြေများထည့်၍ သတ်မှတ်စံချိန်အတိုင်း ဖိကြိတ်ထားရန်ဖြစ်ကြောင်း၊ လုပ်ငန်းနှင့် ပတ်သက်သည့် ဘဏ္ဍာငွေကြေးများ အလေအလွင့်မရှိအောင် စနစ်တကျစိစစ်သုံးစွဲရန်ဖြစ်ကြောင်း၊ အတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများအား သတ်မှတ်ထားသည့် လမ်းစံချိန်စံညွှန်းနှင့်အညီ လုပ်ဆောင်ကြရေး ကြပ်မတ်သွားကြရမည်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ လုပ်ငန်းများဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်မှုများအား စနစ်တကျဖြစ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် အင်ဂျင်နီယာမှူးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမဆောင်၌ သာယာဝတီခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် မြို့နယ်ရှစ်မြို့နယ်မှ လက်ထောက်အင်ဂျင်နီယာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီးက ခရိုင်အင်ဂျင်နီယာမှူးများအနေဖြင့် မိမိတို့လက်အောက် ဝန်ထမ်းများအပေါ် စိတ်ဓာတ်၊ စည်းကမ်း၊ ကျွမ်းကျင်မှုနှင့် ဗဟုသုတတို့ ပြည့်ဝနေစေရန်နှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အဖွဲ့အစည်းဖြစ်စေရန် အမြဲကြိုးစားနေရမည်ဖြစ်ကြောင်း၊ ခရိုင်နှင့် မြို့နယ်ရှစ်မြို့နယ်မှ စီမံကိန်းအထူးအဖွဲ့များရှိ အသုံးပြု၍မရသည့် စက်ယာဉ်၊ ယန္တရား အဟောင်းအပျက်များကို စစ်ဆေး၍ ပြန်လည်ဆယ်တင်ပြီး အသုံးချနိုင်ရေး စနစ်တကျ ပြင်ဆင်သွားရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ အလုပ်ကို စနစ်တကျလုပ်ကိုင်၍ ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆည်းပူးရရှိမည့် အသိပညာ၊ အတတ်ပညာများကို အသုံးပြု အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးသင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော ရည်မှန်းချက် အောင်မြင်ရေးအတွက် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ရည်မှန်းချက် (၂)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လည်းကောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေး အတွက်လည်းကောင်း မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ယခုထက်ပိုပြီး အဆင့်မြှင့်တင်ရန် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ပေးရန် အတွက် အရည်အချင်းပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း အရည်အသွေးမြင့်မားလာစေရန် စဉ်ဆက်မပြတ် သင်တန်းများပေးခြင်း၊ ဆေးရုံများတွင် ဆေးနှင့် ဆေးပစ္စည်းများ၊ စက်ကိရိယာများ ထောက်ပံ့ပေးခြင်းအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများသည် မြို့နယ်နှင့် ကျေးလက်ဒေသ ပြည်သူများ၏ ကျန်းမာရေး အဆင့်မြှင့်တင်ပေးရန်အတွက် အဓိကအားထားရသည့် ခေါင်းဆောင်များဖြစ်ကြကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း သင်ကြားပို့ချမှုကို အပြည့်အဝလိုက်နာမှတ်သား နာယူကြရန်၊ မိမိတို့ဆည်းပူးရရှိမည့် အသိပညာ၊ အတတ်ပညာများကို အသုံးပြုပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်ရန်နှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက် ပိုမိုပြီးအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးသင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး စုစုပေါင်း ၃၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ခန့် ကြာမြင့်မည် ဖြစ်သည်။

ယခုသင်တန်း၌ ကျန်းမာရေး စောင့်ရှောက်မှုနည်းစနစ်များ၊ ကျန်းမာရေးဆိုင်ရာမူဝါဒများ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာများ၊ ကျန်းမာရေးဘောဂဗေဒ၊ လူမှုဆက်ဆံရေးစသည့် အသိအမြင်များကိုပေါင်းစပ်ပြီး ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ရောဂါကာကွယ်တားဆီးနှိမ်နင်းရေး၊ ကုသရေးများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မှန်ကန်မြန်ဆန်အောင် ပေါင်းစပ်ညှိနှိုင်းပြီး ကျန်းမာရေးဝန်ထမ်း အသီးသီးအား ခေါင်းဆောင်မှုပေး၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး သင်တန်း အမှတ်စဉ်(၁/၂၀၁၂) ဖွင့်ပွဲတွင် သင်တန်းသားသင်တန်းသူတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်

ရန်ကုန် ဇူလိုင် ၁၆

(၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင်(၁)လမ်းထိပ်အထိ၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများကို ဖြတ်သန်းသွားလာမှုယာယီပိတ်ထားမည် ဖြစ်သည်။

ပြန်လည်ထွက်ခွာ

အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံ တောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်မှ တစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည် ဖြစ်သည်။

ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက် ဂါရဝပြုနိုင်ရန်ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့်ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့်အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်သည်။

အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့် လုံခြုံရေးကို ထိခိုက်စေမည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာထားသည်။

အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြရန် ကျင်းပရေးကော်မတီက မေတ္တာရပ်ခံထားသည်။ **(သတင်းစဉ်)**

ညာခြေဖြင့်စာရေးပြီး ပဉ္စမတန်းရောက်လာတဲ့ မောင်ရဲနိုင်

ပန်းတနော်မြို့နယ် အင်းမအထက်တန်းကျောင်း ပဉ္စမတန်း(A)တွင် တက်ရောက်ပညာသင်ကြားနေသော ကွင်းကြီးကျေးရွာမှ မောင်ရဲနိုင်တစ်ယောက်သည် လက်နှစ်ဖက်စလုံးမှာ မွေးကတည်းက မရှိခဲ့ပါ။ အရင်းမှလက်နှစ်ဖက်မရှိပေမယ့် ဘောပင်၊ ခဲတံတို့ကို ခြေမနဲ့ခြေညှိုးညှပ်ပြီး ညာခြေတစ်ဖက်ဖြင့် စာရေးနိုင်ကြောင်း၊ **(ဝဲပုံ)** ပုံဆွဲနိုင်ကြောင်း၊ လက်ရေးမှာလည်း မညံ့၊ သပ်သပ်ရပ်ရပ် မြန်မြန်ဆန်ဆန်ရှိ၍ သူငယ်ချင်းတချို့ကတောင် သူ့ဆီကစာပြန်ကူးရကြောင်း အတန်းပိုင် ဆရာမဒေါ်ခင်ခင်ဆွေက ပြောပြသည်။

ဒီနှစ်ကျောင်းသား ၆၄၁ ဦး၊ ကျောင်းသူ ၆၂၃ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၂၆၄ ဦးရှိသည့်အထဲမှ မောင်ရဲနိုင်တစ်ယောက် ထူးထူးခြားခြားရောက်ရှိလာသည်။ ပညာရေးလိုလားပြီး ချစ်စရာကောင်းတာကြောင့် ဆရာဆရာမအားလုံးက ဂရုစိုက်ကြသည်။ မောင်ရဲနိုင် သက်သောင့်သက်သာ စာရေးနိုင်အောင် (အမြင့် တစ်ပေခွဲ၊ အကျယ် သုံးပေ၊ လေးပေ)ခုံတစ်ခု စီစဉ်ပေးထားသည်။ မောင်ရဲနိုင်မှာ ဆက်ဆံရေးကောင်းမွန်ပြီး စာကြိုးစားလိုစိတ်ရှိသောကြောင့် သူငယ်ချင်းများကလည်း ခင်ကြသည်။ မောင်ရဲနိုင်ဟာ ထမင်းစားတော့လည်း ခြေထောက်နဲ့ စာရေးတော့လည်းခြေထောက်နဲ့ လက်နှစ်ဖက်မရှိပေမယ့် ခြေထောက်နဲ့အစွမ်းရှိသူပါဟု အင်းမအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ပြောပြခဲ့သည်။ **(ချစ်ဦး-အင်းမ)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ၏ ... အင်္ဂလိပ်စာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၂)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား...

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ ဥပ... အင်္ဂလိပ်စာအခြေခံသင်တန်း သင်တန်းဖွင့်ပွဲကျ...

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ၏ ဥပဒေဆိုင်ရာ အင်္ဂလိပ်စာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က ပြောကြားရာတွင် ယနေ့နိုင်ငံတော်သည် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ကမ္ဘာပေါင်းစုံတွင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများကို ဆောင်ရွက်ရပါသဖြင့် ဥပဒေရေးရာ အင်္ဂလိပ်စာတတ်ကျွမ်းမှုသည် အထူးလိုအပ်လာပါကြောင်း၊ သို့ပါ၍ ဥပဒေအရာရှိများအနေဖြင့်လည်း အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားအောင် လေ့လာသင်ယူကြရန် လိုအပ်ပါကြောင်း၊ ယခင်ကလည်း အလားတူသင်တန်းများကို ကျင်းပပေးခဲ့ပါကြောင်း၊ အင်္ဂလိပ်စာ

အရည်အသွေးပြ... ဘာသာဖြင့် ထုတ်... ဥပဒေစာအုပ်များ... ဖြစ်ကြောင်း၊ သို့မှ... ပြည့်ဝသော ဥပ... မိမိတို့တာဝန်ကို ... နိုင်မည်ဖြစ်၍ ... တိုက်တွန်းမှာကြား...

ယနေ့ ဖွင့်လှစ်... အင်္ဂလိပ်စာ အ... သင်တန်းနည်းပြမှ... ရှစ်ခုကို သင်ကြာ... သင်တန်းကာလမှာ... ခန့် ကြာမြင့်မည်ဖြစ်... သင်တန်းသို့ သင်... သူ ဥပဒေအရာရှိ... တက်ရောက်ကြ...

○ **ရှေ့ဖုံးမှ**

အသုံးပြုမှုမှာ ကမ္ဘာ့မိုဘိုင်းလ်အင်တာနက်အသုံးပြုမှု၏ ၁၁ ရာခိုင်နှုန်းရှိကြောင်း၊ အမေရိကန်ပြီးလျှင် ဒုတိယလိုက်ကြောင်း စက်မှုနှင့်ပြန်ကြားရေးနည်းပညာဝန်ကြီးဌာနအောက်ရှိ ဆက်သွယ်ရေးဖွံ့ဖြိုးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချန်ဂျာချွန်းကပြောကြားသည်။ တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုနိုင်သူဦးရေမှာ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းအထိ စုစုပေါင်း ၅၁၃ သန်းရှိသည်။ ယင်းတို့အနက် ဆဲလ်ဖုန်းမှတစ်ဆင့် အင်တာနက်အသုံးပြုသူဦးရေမှာ ၃၅၆ သန်းအထိရှိကြောင်း၊ ယင်းမှာ နှစ်အလိုက်ဆဲလ်ဖုန်းမှတစ်ဆင့် အင်တာနက်အသုံးပြုသူ ၁၇ ဒသမ ၅ ရာခိုင်နှုန်းအထိရှိလာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ... လုပ်ငန်းများကိုထမ်းဆောင်ရာ၌ ပြ...

နေပြည်တော် ဇူလိုင် ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးရှိ ဦးစီးဌာန၊ လုပ်ငန်းများမှအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့် တာဝန်ခံအရာရှိများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာအကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍပေါင်းစုံမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် အဆင့်ဆင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပြင်ဆင်ပြောင်းလဲခဲ့သည့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် အမြဲမပြတ်ဆည်းပူးလေ့လာသွားကြရန်လိုကြောင်း၊ ခေတ်ပြောင်း

ဘဏ္ဍာရေးန... ဦးစီးဌာန၊ လုပ်...

နေပြည်ဖြစ်သည့်အ... ပြောင်းလဲနိုင်ရေး ... ရာတွင် ဌာနအလို... ဆင့်သည် လုပ်... ယဉ်ကျေးပျူငှာသ... တိကျမှန်ကန်မြန်ဆ... ဆောင်ရွက်မှုတို့ဖြ... ကင်းရှင်းစွာအလေး... ရွက်ကြရန် အထူး... ဖြင့် ပြောကြားသ...

ပြည်ထောင်စု... သည် ယနေ့နံနက်... မြို့တော်ခန်းမ၌ တို... ဌာန၊ လုပ်ငန်းများ... ထမ်းများနှင့် တွေ့...

တွေ့ဆုံပွဲတွင် ... ငွေရေးကြေးရေး ... လုပ်ငန်း ဦးဆော... ဦးထိန်လင်းက ... ကြေးရေးလုပ်ငန်းဆို... လုပ်နည်း၊

ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများအား အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြောင်းလဲလျက်ရှိ လုပ်ငန်းများကိုထမ်းဆောင်ရာ၌ ပြည်သူ့အကျိုးပြု ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးရှိ ဦးစီးဌာန၊ လုပ်ငန်းများမှအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့် တာဝန်ခံအရာရှိများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာအကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍပေါင်းစုံမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံအဖြစ် အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပြင်ဆင်ပြောင်းလဲခဲ့သည့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအား ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် အမြဲမပြတ်ဆည်းပူးလေ့လာသွားကြရန်လိုကြောင်း၊ ခေတ်ပြောင်းနေပြီဖြစ်သည့်အတွက် စနစ်ကိုပါပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဌာနအလိုက် ဝန်ထမ်းအဆင့်ဆင့်သည် လုပ်ငန်းတာဝန်များအား ယဉ်ကျေးပျူငှာသည့် ပြောဆိုဆက်ဆံမှု၊ တိကျမှန်ကန်မြန်ဆန်သည့် လုပ်ငန်းဆောင်ရွက်မှုတို့ဖြင့် အဂတိတရားကင်းရှင်းစွာအလေးအနက်ထား ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းက အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ ကျေးလက် ဖွံ့ဖြိုးရေးကဏ္ဍများနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ (Reform Strategy) ၏ ဒုတိယအဆင့်ကို စတင်ဆောင်ရွက်နေပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြုပြင်ပြောင်းလဲသင့်သည့် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများအား အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြောင်းလဲလျက်ရှိပြီး စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းအဆင့်ဆင့်သည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်သိစိတ်ဖြင့် ပြည်သူ့အကျိုးပြု ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများနှင့် ဝင်ငွေနည်းပြည်သူများအတွက် လူမှုစီးပွားဘဝ ပိုမိုတိုးတက်စေမည့် ဝင်ငွေရလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး လိုအပ်သည့်အရင်းအနှီးရရှိစေရန် အလွန်အရေးပါသည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ပါဝင်ကြောင်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ အသေးစားငွေရေးကြေးရေး လုပ်ငန်းများစနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မန္တလေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှန်ကို သိစေချင်တယ် [၁]

/ ခွန်မြတ်အောင်ကျော် /

စာရေးသူသည် စာဖတ်ခြင်းကိုဝါသနာထုံသူပီပီ နေ့စဉ်ထုတ်ဂျာနယ်အချို့ကို ဝယ်ယူဖတ်ရှုလေ့ရှိပါသည်။ တစ်နေ့က ဝယ်ဖတ်ခဲ့သည့် ဂျာနယ်တစ်စောင်တွင် စတိုးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များတို့တွင် ၁-၇-၂၀၁၂ ရက်နေ့မှစတင်ပြီး ဝယ်ယူသူ စားသုံးသူများထံမှ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကောက်ခံမည်ဆိုသည့် ခေါင်းစဉ်ကြီးဖြင့်ဖော်ပြထားသဖြင့် အကြောင်းအရာကို ဖတ်ရှုသော်လည်း မိမိသိချင်သည့်အချက်အလက် အပြည့်အစုံမပါရှိသဖြင့် သိချင်စိတ်ပြင်းပြလာပေရာ ရေမိုးချိုးပြီးသည်နှင့် အခွန်ရုံးဘက်ဆီသို့ ခြေဦးလှည့်မိခဲ့ပါသည်။

ဤမှသည် မိမိ၏အမေးစကားတို့အပေါ် အခွန်ရုံးမှ တာဝန်ရှိသူများ၏ ရှင်းလင်းဖြေကြားမှုများကား မှတ်သားလောက်ပေရာ မိမိသိပြီးသမျှ အများပြည်သူတို့ကို ဖောက်သည်ချလိုဇောဖြင့် အိမ်ပြန်ရောက်သည်နှင့် စားပွဲထိုင် ကလောင်ကိုင်လျက် စာရေးမိပါသည်။

အကျဉ်းချုံ့ဆိုရသော် ကုန်သွယ်လုပ်ငန်းခွန်မှာ ဂျာနယ်များတွင် ဖော်ပြထားသလို ၁-၇-၂၀၁၂ ရက်နေ့မှ စတင်ကောက်ခံမည့် အခွန်အမျိုးအစားအသစ်မဟုတ်၊ ဝင်ငွေခွန်ကဲ့သို့ ဝင်ငွေပေါ်ကောက်ခံသည့် တိုက်ရိုက်ခွန် (Direct Tax) လည်းမဟုတ်၊ စားသုံးမှု (Consumption)နှင့် သုံးစွဲမှု (Expenditure)တို့အပေါ်တွင် ကောက်ခံသည့် သွယ်ဝိုက်ခွန် (Indirect Tax) သာဖြစ်ပါသည်။ အချို့သော စီးပွားရေးပညာရှင်များက ယင်းအခွန်ကို (Consumption Tax) သို့မဟုတ် (Expenditure Tax)ဟူ၍ ခေါ်ကြပါသည်။ အခြားနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (Goods and Services Tax)၊ တန်ဖိုးဖြည့်အခွန် (Value Added Tax)တို့နှင့် အခွန်ကောက်ခံမှုပုံစံတူသည့် အခွန်အမျိုးအစားသာ ဖြစ်ပါသည်။

အင်္ဂလိပ်အစိုးရလက်ထက်တွင် "ကုန်သွယ်လုပ်ငန်းခွန်"ဟူ၍ သီးခြားဥပဒေပြဋ္ဌာန်းကောက်ခံခြင်းမရှိဘဲ ကုန်သွယ်လုပ်ငန်းခွန်သဘောသက်ရောက်သည့် အခွန်အချို့ကို ကုန်စည်အမျိုးအစားပေါ်မူတည်ပြီး ကောက်ခံခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် "ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ" နှင့် "အမြတ်ခွန်ဥပဒေ"တို့ကို ပြဋ္ဌာန်းခဲ့ပြီးနောက် ယခင်ကောက်ခံခဲ့သောအခွန်များကို ယင်းဥပဒေသစ်နှစ်မျိုးဖြင့် ၁၉၇၆-၁၉၇၇ ဘဏ္ဍာနှစ်မှ စတင်ပြောင်းလဲကောက်ခံခဲ့ပါသည်။ ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ်မှစ၍ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါဥပဒေသည် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် ကဏ္ဍ ၃ ရပ်လုံးအပေါ် အကျိုးသက်ရောက်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို ၁-၄-၁၉၉၀ ပြည့်နှစ်မှ စတင်ခဲ့ခြင်းဖြစ်ပါသည်။

စားသောက်ဆိုင်များ၊ ဟိုတယ်လုပ်ငန်းများအတွက် ရောင်းရငွေ/ဝန်ဆောင်မှုရငွေတို့အပေါ် ယခင်က ကုန်သွယ်လုပ်ငန်းခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံသော်လည်း ၁-၄-၂၀၁၂ ရက်နေ့မှစတင်ကာ ၅ ရာခိုင်နှုန်းသာကောက်ခံမည်ဖြစ်ပါသည်။ ကုန်သွယ်မှုလုပ်ငန်းဖြစ်သည့် စတိုးဆိုင်၊ ကုန်တိုက်များအပေါ် ယခင်ကောက်ခံသည့် အခွန်နှုန်းအတိုင်း ၅ ရာခိုင်နှုန်းဖြင့်သာ ဆက်လက်ကောက်ခံမည်ဖြစ်သော်လည်း ဝယ်ယူစဉ်က ပေးဆောင်ခဲ့သည့်အခွန်အပေါ် ခုနှိမ်ပေးခြင်းဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် တိုးမြှင့်တန်ဖိုး (Value Added)အပေါ်၌သာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည် ဖြစ်ပါသည်။

၁-၇-၂၀၁၂ ရက်နေ့မှစတင်ပြီး ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမဟုတ်၊ အချို့သောစားသောက်ဆိုင်များ၊ ဟိုတယ်လုပ်ငန်းများတွင် နှုန်းသစ်ဖြစ်သော ၅ ရာခိုင်နှုန်းကောက်ခံခြင်းမဟုတ်ဘဲ ယခင်နှုန်းအတိုင်း ၁၀ ရာခိုင်နှုန်း ကောက်ခံမှုမရှိစေရန်၊ စတိုးဆိုင်၊ ကုန်တိုက်၊ ဟိုတယ်၊ စားသောက်ဆိုင်အစရှိသည့် လုပ်ငန်းကြီးများအနေနှင့် ဝယ်ယူသူ၊ စားသုံးသူထံမှ ရယူထားသည့် ကုန်သွယ်လုပ်ငန်းခွန်ကို နိုင်ငံတော်သို့ အပြည့်အဝ ပြန်လည်ပေးသွင်းစေရန်နှင့် လုပ်ငန်းများ၏ ရောင်းအားအမှန်၊ ရငွေအမှန်ကို သိရှိနိုင်ရန် လက်တွေ့ကွင်းဆင်းစိစစ်ခြင်းသာ ဖြစ်ပါသည်။

အမှန်စာရင်းကိုသိရှိခြင်းဖြင့် အခွန်ရုံးများမှ အမှန်စာရင်းအပေါ် အမှန်အတိုင်းစည်းကြပ်ကောက်ခံနိုင်သလို လုပ်ငန်းရှင်များအနေနှင့်လည်း ယခင်ကကဲ့သို့ ခန့်မှန်းစည်းကြပ်မှုကြောင့် ထိမ်ချန်တင်ပြနေရခြင်းများလည်း ကင်းဝေးစေပြီး အခွန်ထမ်းများကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်စေခြင်း Self Assessment System ကို ကူးပြောင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါစနစ်ကို ကျင့်သုံးနိုင်ခြင်းဖြင့် အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းကြား ပေါ်ပေါက်နိုင်သော လာဘ်ပေးလာဘ်ယူကိစ္စရပ်များလည်း ချုပ်ငြိမ်းသွားမည်ဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း အခွန်ထမ်း၏ တင်ပြစာရင်းများကိုရုံးတွင်းစစ်ဆေးခြင်း(Desk Audit)ရှိသကဲ့သို့ လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးခြင်း(Field Audit) ရှိသည့်အပြင် Investigation Team များဖြင့် စုံစမ်းဖော်ထုတ်စည်းကြပ်ခြင်းများလည်းရှိကြောင်း သိရှိရပါသည်။

လက်ရှိအချိန် စီးပွားရေးလုပ်ငန်းကို မှန်ကန်စွာ လုပ်ကိုင်ပြီး အခွန်တာဝန်ကျေပွန်နေကြသူများအနေဖြင့် တရားမဝင် မှတ်ပုံတင်ခြင်းမရှိသည့်လုပ်ငန်းများ (Informal Sector)၊ တရားမဝင်ထုတ်လုပ်မှုများ (Illegal Production) နှင့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့ကိုရှောင်ရှား၍ ဆောင်ရွက်နေသော ဖုံးကွယ်ထုတ်လုပ်မှုများ (Concealed production and the under Ground Economy)ကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် လုပ်ငန်းလုပ်ကိုင်လိုစိတ်ကို ပျက်ပြားစေသည်သာမက အခွန်ထမ်းဆောင်လိုစိတ်ကိုပါ လျော့ကျစေပါသည်။ အဆိုပါလုပ်ငန်းများအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်သွားမည် ဖြစ်သလို ပြည်သူများအနေနှင့် လုပ်ငန်းမှတ်ပုံမတင်၊ ပြေစာဘောက်ချာများဖြင့် စနစ်တကျရောင်းဝယ်မှုမရှိသည့် မှောင်ခိုရောင်းဝယ်သူများကို အားမပေးဘဲ အခွန်တာဝန်ကို အပြည့်အဝထမ်းဆောင်နေသည့် လုပ်ငန်းကြီးများထံမှသာ ဝယ်ယူအားပေးခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်တာဝန်ကျေပွန်သူများဖြစ်စေချင်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

...စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ၏ ဥပဒေဆိုင်ရာ ...ခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၂)သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

...င်စုရှေ့နေချုပ်ရုံး ဥပဒေအရာရှိများ ဥပဒေဆိုင်ရာ ...လိပ်စာအခြေခံသင်တန်း သင်တန်းဖွင့်ပွဲကျင်းပ

... ဇူလိုင် ၁၆

... အဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က ပြောကြားရာတွင် ယနေ့နိုင်ငံတော်သည် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ကဏ္ဍပေါင်းစုံတွင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများကို ဆောင်ရွက်ရပါသဖြင့် ဥပဒေရေးရာ အင်္ဂလိပ်စာတတ်ကျွမ်းမှုသည် အထူးလိုအပ်လာပါကြောင်း၊ သို့ပါ၍ ဥပဒေအရာရှိများအနေဖြင့်လည်း အင်္ဂလိပ်စာအရည်အသွေး တိုးတက်မြင့်မားအောင် လေ့လာသင်ယူကြရန် လိုအပ်ပါကြောင်း၊ ယခင်ကလည်း အလားတူသင်တန်းများကို ကျင်းပပေးခဲ့ပါကြောင်း၊ အင်္ဂလိပ်စာ အရည်အသွေးပြည့်ဝမှသာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပြဋ္ဌာန်းထားသော ဥပဒေစာအုပ်များကို လေ့လာနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ အရည်အသွေးပြည့်ဝသော ဥပဒေအရာရှိများအဖြစ် မိမိတို့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်၍ ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

ယနေ့ ဖွင့်လှစ်သည့် ဥပဒေဆိုင်ရာ အင်္ဂလိပ်စာ အခြေခံသင်တန်းတွင် သင်တန်းနည်းပြများက ဘာသာရပ်ရှစ်ခုကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ဥပဒေအရာရှိ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

❒ ရွှေဖုံးမှ

ဂရိတို့ကလည်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ထိုးဖောက်ဂိုးသွင်းရန်ကြိုးစားခဲ့သော်လည်း ဂရိတိုက်စစ်မှူးများ၏ ဆန္ဒစောနေမှုနှင့် ကန်ချက်မမှန်မှုတို့ကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းပွဲချိန် ၇၉ မိနစ်၌ ရိုဒရီကွတ်ဇ်က စပိန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ဂရိတို့ ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း စပိန်နောက်ခံလူများက အများအယွင်းနည်းနည်းဖြင့် ဟန့်တားနိုင်ခဲ့မှုကြောင့် ချေပဂိုးနှင့်ဝေးခဲ့ရပြီး ယူ-၁၉ ဥရောပချန်ပီယံရှစ်ဖလားနှင့် လွဲခဲ့ရခြင်းဖြစ်သည်။ စပိန်အသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ အက်စတိုးနီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် စပိန်တို့ ပြင်သစ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပို မိနစ် ၃၀ အထိ သုံးဂိုးစီ သရေဖြစ်နေခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်သွင်းယူကာ လေးဂိုး-နှစ်ဂိုးဖြင့်နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်လာခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲ၌ ဂရိအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ယူ-၁၉ ဥရောပချန်ပီယံရှစ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ ယခု ယူ-၁၉ ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၌ ဂိုးအများဆုံးသွင်းယူနိုင်သူဆုကို စပိန်မှ ရိုဒရီကွတ်ဇ်က စုစုပေါင်း ငါးဂိုးသွင်းပြီး ဆွတ်ခူးနိုင်ခဲ့သည်။ ဂရိမှ ကာတီဒစ်နှင့် ဒီရာမင်တာကိုတို့က သုံးဂိုးစီသွင်းယူနိုင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ယူ-၁၉ ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၌လည်း စပိန်အသင်းဗိုလ်စွဲခဲ့ပြီး ဂိုးအများဆုံးသွင်းသည့်ဆုကို စပိန်အသင်းမှ မိုရာကာက စုစုပေါင်း ခြောက်ဂိုးသွင်းယူပြီး ဆွတ်ခူးရရှိခဲ့သည်။ ယူ-၁၉ ဥရောပချန်ပီယံရှစ်ဖလားကို စပိန်အသင်းသည် ယခုအချိန်အထိ စုစုပေါင်း ကိုးကြိမ်ဆွတ်ခူးထားနိုင်ပြီး ဖြစ်သည်။

(အင်တာနက်)

◆ ရွှေဖုံးမှ

သက်သောင့်သက်သာစီးနိုင်ရန် ဆိုဖာများတင်ထားသည်။ ဖွဲ့စည်းမှုများ မြန်မာဆန်ဆန်ဖြင့် သပ်သပ်ရပ်ရပ်ရှိနေသည်ကို တွေ့ခဲ့ရသည်။

အတွင်း၌ ညှော်သည်ရှစ်ဦးသာ သက်သောင့်သက်သာစီးနင်းနိုင်ရန် စီစဉ်ထားပြီး Aircon တပ်ဆင်ထားသည်။

ယာဉ်မောင်းအမျိုးသားတစ်ဦးနှင့် ယာဉ်အကူအမျိုးသမီးငယ်တစ်ဦးပါရှိသည်ကို တွေ့ရသည်။

နိုင်ငံခြားခရီးသည်များအား ရန်ကုန်မြို့တွင်းသာမက ပဲခူး၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အောက်မြန်မာပြည်တစ်ဝန်းအထိ သွားလိုသူတို့၏ ဆန္ဒအတိုင်းလိုက်ပါပို့ဆောင်ပေးနိုင်သည်အထိ ကားမှာစက်အားကောင်းသည်ဟု ယာဉ်မောင်းသူက ပြောပြသည်။

ထိုချက်ကြီးအား ဘုရားပေါ်က ဆင်းလာသည့် အခြားသောနိုင်ငံခြားညှော်သည်တိုင်းလိုလို စိတ်ဝင်စားကြသဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အသွင်ဆန်းသည့် စစ်ကျန်မော်ဒန်ဘတ်စ်ကားကြီးကို လူအများ လှည့်ကြည့် လှည့်ကြည့်လုပ်သွားကြသည်။

အနီးအနားမှ ကြည့်နေသူ မြန်မာအမျိုးသားကြီးက ထိုကားကြီးကိုကြည့်ပြီး နာမည်သစ်တစ်ခုပေးသွားသည်။

"မော်ဒန်ချက်ကြီး" ဟု . . . . . ။

မြောက်ဥက္ကလာပ မြို့နယ်လုံးဆိုင်ရာ (ဈ)ရပ်ကွက် မင်းရန်အောင် မီးသတ်ရေလှောင်ကန် ဂါလန် ၂၀၀၀၀၀ ဆံ့ တည်ဆောက်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း - သမီးမမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်းနှင့် တူမ ဒေါ်အေးအေးမော်တို့က ဇွန် ၃၀ ရက်တွင် ပေးအပ်လှူဒါန်းရာ မီးသတ်ရေကန်ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးဝင်းမြင့်နှင့်အဖွဲ့ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ပြည်သူများ ဗဟုသုတတိုးပွားစေရေး၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများဖြစ်လာစေရန် ရည်ရွယ်လျက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၁၂) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီက ရုပ်သံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက အမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် ဦးစီးမှူး ဒေါ်အုန်းညွန့်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းခေါင်းဆောင်အား ပေးအပ်သည်။ ဆက်လက်၍ ဆုများချီးမြှင့်ရာ ပထမဆုရ မကျော့ကေသီအား ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက လည်းကောင်း၊ ဒုတိယဆုရ ဒေါ်တင်မေစောအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ဒေါ်ထားထားဝင်းနှင့် တတိယဆုရ ဦးပြည်ဖြိုးလတ်အား မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်ကလည်းကောင်း၊ အထူးဆုရရှိသူ နှစ်ဦးတို့အား တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမိုးကျော်သူညွန့်နှင့် ဝန်ထမ်းများ နောင်လုံအရှေ့ အထက(ခွဲ)၌ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာသူ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။ (မြန်မာ့အလင်း)

ရွှေသင်းဘိုးဘွားရိပ်သာသို့ အလှူငွေနှင့် ဆေးဝါးများလှူဒါန်း

ရမည်းသင်း ဇူလိုင် ၁၆

ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် အလှူငွေ၊ ဆေးဝါး၊ မျက်မှန်နှင့် အာဟာရမုန့်ထုပ်များကို ဇူလိုင် ၁၄ ရက်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေ၊ တာဝန်ခံ ဆရာဝန်ကြီး ဒေါ်စမ်းစမ်းလှိုင်တို့ ရမည်းသင်းခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်အတူ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင်များက အလှူငွေနှင့် အောက်ဆီဂျင်ဘူးတစ်ဘူးတို့ကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးရွှေနှင့် ဘဏ္ဍာရေးမှူး ဦးစံတင့်တို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၄၁၆)

ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

ကန်ကြီးထောင့် ဇူလိုင် ၁၆

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကန်ကြီးထောင့်မြို့ အထက အမျိုးသားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းချစ်က ပညာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အောင်ချက်အကောင်းဆုံး ဆုရကျောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ထူးချွန်ဆရာ ဆရာမများအား အလှူရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်း မှု ခင်း သ တင်း

ကားကိုကျော်တက်ရာမှ ဆိုင်ကယ်နှစ်စီးတိုက်မိ

ရေစကြို ဇူလိုင် ၁၆

ကားကိုကျော်တက်ရာမှ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိသဖြင့် သုံးဦးဒဏ်ရာများရရှိပြီး တစ်ဦးသေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက်က ပခုက္ကူ-ရေစကြိုကားလမ်း မိုင်တိုင်အမှတ်(၂၄) ပညင်းကျေးရွာအနီး ရေစကြိုမြို့ အမှတ်(၁) သုခဝတီရပ်နေ သန်းမြင့်အောင်(ဘ) ဦးကျော်သိန်းသည် မိခင်ဖြစ်သူ ဒေါ်ခိုင်အားနောက်မှတင်၍ ANBO-125 ဆိုင်ကယ်ဖြင့် စီးနင်းလာစဉ် ကားကိုကျော်တက်ရာ ပေါက်မြို့နယ် ကင်းမရွာနေ အောင်ကျော်ဌေး(ဘ) ဦးအေးပိုင်သည် ဂျင်ဘိုမောင်အား နောက်မှတင်၍ ALBO-110 ဆိုင်ကယ်ဖြင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ထို့နောက် လေးဦးစလုံး ဒဏ်ရာအသီးသီးရရှိခဲ့၍ ရေစကြိုမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေစဉ် ဒေါ်ခိုင်မှာ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေးဆေးရုံကြီး၌ ရရှိသောဒဏ်ရာဖြင့် ဇူလိုင် ၁၅ ရက်က သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လေးဦးစလုံး ဒဏ်ရာရရှိပြီး ပြင်းထန်သောဒဏ်ရာဖြင့် တစ်ဦးသေဆုံးရခြင်းမှာ ဆိုင်ကယ်ဦးထုပ် ဆောင်းမထားကြသောကြောင့်ဖြစ်ကြောင်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ အပတ်စဉ်ပညာပေးဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူအချို့ စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိနေသေးခြင်းကြောင့်ဖြစ်ကြောင်း သိရှိရသည်။ (၃၇၄)

ဘိုကလေး၌ လောင်းကစားဝိုင်း ဖမ်းဆီးရမိ

ဘိုကလေး ဇူလိုင် ၁၆

ဇူလိုင် ၁၄ ရက် ည ၃ နာရီအချိန်ခန့်က ဘိုကလေးမြို့နယ်အတွင်း လောင်းကစားမှု ပပျောက်ရေးအတွက် ဘိုကလေးရဲစခန်းမှ ဒုတိယရဲအုပ် ဝင်းကျော်နှင့်အဖွဲ့က နယ်မြေအနှံ့ စုံစမ်းဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ သတင်းအရ အမှတ်(၆) ရပ်ကွက် ၇ လမ်းနေ မတင်တင်ခိုင် ၃၇ နှစ် (ဘ-ဦးမြတ်ထွန်း)နေအိမ်၌ ဖဲလောင်းကစားမှုများပြုနေကြောင်း သိရှိရသဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် မတင်တင်ခိုင်အပါအဝင် ဖဲလောင်းကစားသူ လေးဦးတို့အား ဖဲချပ်များဖြင့် လောင်းကြေးငွေကျပ် ၉၃၅၀ ကို တွေ့ရှိသဖြင့် ဘိုကလေးရဲစခန်းက အရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

အပေါ့စားမီးသတ်စက်နှင့် ပိုက်ပစ္စည်းများ လွှဲပြောင်းပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၆

မီးသတ်ဦးစီးဌာနရုံးချုပ်ကပေးပို့သော အပေါ့စားမီးသတ်စက်နှင့် မီးသတ်ပိုက်ပစ္စည်းမျိုးစုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းစိုးက အပေါ့စားမီးသတ်စက်နှင့် မီးသတ်ပိုက်များ ကိုင်တွယ်အသုံးပြုနည်းနှင့် ထိန်းသိမ်းစောင့်ရှောက်နည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ အပေါ့စားမီးသတ်စက်နှင့် မီးသတ်ပစ္စည်းများဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်မီးသတ်ဦးစီးမှူးက ကျိုက်ပိကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းခင်ထံ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ကျေးရွာမီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြသပွဲကို ကျိုက်ပိ ဗိုလ်ဗလတံတားထိပ်၌ ကျင်းပရာ အပေါ့စားမီးသတ်စက်ဖြင့် ရေပက်ဖျန်း မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။ (၀၆၅)

ပေါင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးခြင်း ထန်းတပင်မြို့နယ်၌ သရုပ်ပြ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ခနဲရိကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ တောင်သူဦးသန်းရွှေ လယ်မြေ၌ ပုလဲသွယ်စပ်မျိုးအထွက်ကောင်း စပါးမျိုးအား ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ လက်တွေ့သရုပ်ပြခြင်း အခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက်က ကျင်းပသည်။ အဆိုပါ သရုပ်ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းလွင်၊ မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းတို့ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းလွင်က ပေါင်ပျိုးထောင်စနစ်ဖြင့် ပျိုးထောင်ပြီး စပါးစိုက်ပျိုးရာတွင် ပြုလုပ်ရမည့် ခေတ်မီနည်းစနစ်များကို ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် မျိုးစေ့များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ကြပ်အဖွဲ့များက လက်တွေ့သရုပ်ပြ ကြပက်ပြသခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၀၄၈)

မြန်မာ့အလင်း ဘဝတစ်ကွေ့အတွေ့အကြုံ

ရထားပေါ်မှ အမှတ်မထင်မြင်ကွင်း ရင်တွင်းပီတိဖြစ်စရာ

ဦးကျော်ဇော(လှိုင်သီပွံ့-ရွှေဘို)

စာရေးသူတစ်သက်မှာ ဒီလိုမျိုး တစ်ခါမျှမတွေ့ဖူးတော့ နည်းနည်းတော့ ဆန်းသလိုပဲ၊ မကြုံဖူးတာလည်း ဖြစ်ချင်တော့ဖြစ်မှာပါလေ။ ဒီလိုမျိုးရှိချင်လည်း ရှိမယ် ရှားတာတော့ သေချာပေါက်ပဲ။ မြင်ကွင်းက ရန်ကုန်-မန္တလေး ရထားပေါ်မှာပါ။ စာရေးသူက မိမိတို့ဌာနက ဖိတ်ခေါ်တဲ့အစည်းအဝေးကိုတက်ပြီး အမှတ် ၁၁ အဆန်ရထားနဲ့ နေပြည်တော်က မန္တလေးကို ပြန်ခဲ့တာ။

မြင်ကွင်းထဲမှာ ခပ်ချောချော ခပ်ခန့်ခန့်ပုဂ္ဂိုလ်တစ်ယောက် ပြောရမယ်ဆိုရင် စာရေးသူတို့ ငယ်ငယ်တုန်းက ရုပ်ရှင်ဇာတ်ကားတွေထဲက မင်းသားကြီး ခင်မောင်ရင်နဲ့ အတော်ဆင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့အဖွဲ့ကို တွေ့လိုက်ရတယ်။ အဲဒီပုဂ္ဂိုလ်က ကျွန်တော်တို့စီးလာတဲ့ရထားပေါ်မှာ ရှေ့နောက်ကူးကူးပြီး ရထားစီးခရီးသည်တွေကို အင်တာဗျူးလုပ်နေတာကိုး။ စီးရတာအဆင်ပြေရဲ့လား၊ ဘယ်ကိုသွားမှာလဲ၊ လက်မှတ်ဝယ်ရတာရော ဘယ်လိုလဲ၊ လိုအပ်ချက်တွေရှိရင် ပြောပြပါ။ ရထားနဲ့ပတ်သက်လို့ မိမိတို့ရဲ့ဆန္ဒက ဘယ်လိုရှိသလဲ စတဲ့မေးခွန်းတွေကို မေးရင်း သူ့နောက်ကပါလာတဲ့သူတွေကလည်း ခရီးသည်တွေ ပြောသမျှကိုရေးမှတ်ပြီး ဆန္ဒခံယူနေကြလေရဲ့။ စာရေးသူစိတ်ထဲကတော့ တယ်ဟုတ်ပါလားလို့ပေါ့။ ဒီလိုမျိုး ရှိမှ မရှိခဲ့ဖူးတာကိုး။ ဒါနဲ့ ကျွန်တော့်အလှည့်ရောက်လာတယ်။ အထက်က အတိုင်းပဲ ပြုံးပြုံးရွှင်ရွှင် နှစ်သက်ဖွယ်အမူအရာနဲ့ အင်တာဗျူးလုပ်ဖို့ပေါ့။ သူက မဗျူးခင်မှာဘဲ စာရေးသူကစပြီး ဗျူးလိုက်ပါတယ်။ ဆရာတို့က ဘယ်ဌာနကလဲ၊ ဘာလုပ်ကြတာလဲ၊ ဘာလဲညာလဲပေါ့။ သူက မြန်မာ့မီးရထားရုံးချုပ်က လက်ထောက်အထွေထွေမန်နေဂျာဖြစ်တဲ့အကြောင်း၊ အခုဟာကတော့ မြန်မာ့မီးရထားအတွက် bottom up surveying ကို လက်တွေ့ကွင်းဆင်းပြီးလုပ်တာပါ။ အရင်တုန်းကလို အထက်ကအောက်ကို စီးစေတာမျိုးမဟုတ်ဘဲ အောက်ခြေက အထက်ကို ပွင့်လင်းမြင်သာတဲ့ သတင်းအချက်အလက်တွေရရှိဖို့ စုစည်းတာပါဆိုပြီး ပြောပါတယ်။ မြန်မာ့မီးရထားအတွက် အင်မတန်ကောင်းမြတ်လှတဲ့ အစီအစဉ်ပါပဲ။ စာရေးသူ အမှတ်မထင် မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းဟာ ရင်တွင်းမှာ ပီတိဖြစ်စရာပါ။

ဒါနဲ့ ကျွန်တော်လည်း သူ့ရဲ့ survey ကိစ္စကို ဖြည့်ဆည်းပေးလိုက်ပါတယ်။ ရေအိမ်ထဲမှာ ရေနဲ့ခွက် အမြဲတမ်းရှိဖို့၊ လိုအပ်ရင် လမ်းဘူတာမှာ ရေဖြည့်ပေးဖို့၊ ဖြစ်နိုင်ရင် ရထားတိုင်းမှာ စားသောက်တွဲလေးထည့်ပေးဖို့၊ ရထားလမ်းဘေးမှာ ရထားကို ထိကပ်နေတဲ့ ချုံနွယ်သစ်ပင်တွေကို ရှင်းလင်းပေးဖို့ စတာလေးတွေ ပြောခွင့်ရလိုက်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ခါမှာ ရထားကြီးခုန်ပေါက်နေတာကိုတော့ မပြောမိခဲ့တော့ပါဘူး။ နေပြည်တော်နဲ့ မန္တလေးကြားမှာ နှစ်နေရာလောက် ထင်ပါရဲ့။ ရထားပေါ်မှာ မြင်းစီးလာခဲ့ရတာ။ နှစ်မျိုးတော့စီးရတာပေါ့လေ။ တွဲစောင့်တွေကလည်း ရထားပေါ်မှာ ရထားစီးခရီးသည်တွေ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ထားတဲ့ (အထူးသဖြင့်) နေကြာစေ့အခွံတွေကို လိုက်ကျုံးနေတာကို တွေ့ရတယ်။ ဒါတော့ မဖြစ်သင့်ဘူးပေါ့။ ဘယ်အရာမှာပဲဖြစ်ဖြစ် တစ်ဖက်တည်းကတော့ ပြုပြင်လို့ ရကြမယ်မဟုတ်ပါဘူး။ ခရီးသည်တွေဘက်ကလည်း စည်းကမ်းရှိဖို့ လိုအပ်ပါလိမ့်မယ်။ ပြောင်းလဲနေပြီဖြစ်တဲ့ ဒီမိုကရေစီခေတ်မှာ ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ စောင့်ထိန်းလိုက်နာကြမှသာ ဒီမိုကရေစီရဲ့အရသာကို အပြည့်အဝခံစားရမှာပဲ မဟုတ်ပါလားဗျာ။ ။

ဘုရားသုံးဆူမြို့နယ်ခွဲ၌ မြန်မာအမျိုးသမီးများနေ့ကျင်းပ

ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၆

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စီစီလွင်က မြန်မာအမျိုးသမီးများနေ့နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်ခင်မြတ်စိုးနှင့် ဒေါ်အေးမြင့်သန်းတို့က ခေတ်အဆက်ဆက် ထူးချွန်ပြောင်မြောက်သည့် မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုများအကြောင်းကို ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးစေတီဘေး ဂန္ဓမာလမ်းထိပ် ဘောလုံးကွင်းနောက် ကျူးကျော်တဲထိုးနေသူတစ်ဦးသည် နေ့စဉ်အမှိုက်လှည်းများကို အခကြေးငွေယူ၍ ငမိုးရိပ်ချောင်းအတွင်း စွန့်ပစ်နေသဖြင့် ငမိုးရိပ်ချောင်း ရေစီးရေလာပိတ်ဆို့ပြီး အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်များတွင် ရေလျှံမှုဖြစ်ပေါ်မည် ကို စိုးရိမ်ရပါသောကြောင့် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

သံရည်ကျိုစက်မှ ညှော်နံ့ ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် အရှေ့ဖျားစီမံကိန်း(၂) ရပ်ကွက်အတွင်းရှိ သံရည်ကျိုအလုပ်ရုံတစ်ရုံမှ ထွက်ရှိသောညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးစိုးရိမ်သူ**

အကြော်နံ့များ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနှင့် (၃၄)လမ်းရှိ နောက်ဖေးလမ်းကြားတွင် ရွက်ဖျင်တဲများ အခိုင်အမာထိုး၍ စီးပွားဖြစ် နံနက်မိုးလင်းမှ မိုးချုပ်အထိ အကြော်အလှော်များ ပြုလုပ်ရောင်းချနေပါသဖြင့် ၎င်းမှထွက်သော အညှော်အနံ့ဆိုးများကြောင့် သက်ကြီးရွယ်အို၊ မနာမကျန်းသူများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

ကိုသစ္စာ - စုစည်းရေးသားသည်



ဇာတ်ကားသစ်ရိုက်ကူးနေတဲ့ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၆

ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက်ဟာ အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်မှာ ရုပ်ရှင်ကားသစ်ရိုက်ကူးလျက်ရှိပါတယ်။ အဲဒီဇာတ်ကားက ဒါရိုက်တာ ဂျက်ဆင်ရိုက်မင်းရိုက်ကူးတဲ့ Labour Day ရုပ်ရှင်ကားဖြစ်ပြီး ဇာတ်ဝင်ခန်းအချို့ကို ခက်ခက်ခဲခဲပါဝင်သရုပ်ဆောင်နေရတယ်လို့ ဆိုပါတယ်။

ဒီရုပ်ရှင်ကားရဲ့ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးတဲ့အခါ မိုးတွေသည်းထန်စွာ ရွာသွန်းနေချိန်လည်းဖြစ်တာမို့ သရုပ်ဆောင်ရတဲ့အခါ အားရကျေနပ်မှုမရှိဘူးလို့ဆိုပါတယ်။ ဒီဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းအချို့ရိုက်ကူးတဲ့နေရာကို အမေရိကန်ရုပ်ရှင်မင်းသားလီယိုနာဒိုလည်းလာရောက်ကာ ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက် (ဝဲပုံ)ကို အားပေးခဲ့ပါတယ်။

ဒီရုပ်ရှင်ကားမှာ ရုပ်ရှင်မင်းသမီးကိတ်ဝင်းစလက်က စပိုက်တာမင်းဇာတ်ကားရဲ့ သရုပ်ဆောင်မင်းသား တိုဘေးနဲ့အတူ တွဲဖက်သရုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးရဲ့ မိခင်တစ်ဦးအဖြစ် ကိတ်ဝင်းစလက်က သရုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်က ဘဝအခက်အခဲတွေကို အောင်မြင်စွာဖြတ်သန်းခဲ့တဲ့ အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်တာဖြစ်ပြီး ပရိသတ်အကြိုက် ရုပ်ရှင်ကားဖြစ်အောင် ရိုက်ကူးသွားမယ်လို့ ကနေဒါနွယ်ဖွား အမေရိကန်နိုင်ငံသား ဒါရိုက်တာဖြစ်တဲ့ ဂျက်ဆင်ရိုက်မင်းက ပြောကြားနေပါတယ်။ (အင်တာနက်)

Ice Age ဇာတ်ကား ရုံဝင်ငွေ အကောင်းဆုံးဖြစ်လာ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၆

ယခုသီတင်းပတ်အတွင်း မြောက်အမေရိကနိုင်ငံတွေမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်ကားတွေအနက် Ice Age: Continental Drift ဇာတ်ကားဟာ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ သန်းရရှိခဲ့တာမို့ ရုံဝင်ငွေအများဆုံး ရုပ်ရှင်ကားအဖြစ် စံချိန်တင်နိုင်ခဲ့တယ်လို့ ဟောလိဝုဒ်ဝက်ဘ်ဆိုက်မှာ ဇူလိုင် ၁၆ ရက်က ဖော်ပြထားပါတယ်။ (ယာပုံ)

အဲဒီရုပ်ရှင်ကားဟာ ၂၀ ရာစုက တိရစ္ဆာန်မိသားစုတစ်စုရဲ့ အဖြစ်အပျက်တွေကို အခြေခံပြီး ထူးထူးခြားခြားရိုက်ကူးတင်ပြထားတဲ့ဇာတ်ကားဖြစ်ပါတယ်။ ဒီရုပ်ရှင်ကားဟာ ပြီးခဲ့တဲ့ ဇွန် ၂၉ရက်ကတည်းက နိုင်ငံတကာမှာ ရုံတင်ပြသခဲ့တာဟာ အမေရိကန်ဒေါ်လာ ရုံဝင်ငွေ ၂ ဒသမ ၁ ဘီလီယံ ရရှိထားတယ်လို့ ဆိုပါတယ်။ အဲဒီရုံဝင်ငွေဟာ မြောက်အမေရိကနိုင်ငံတွေမှာပြသခဲ့တဲ့ ရုံဝင်ငွေတွေလည်းပါဝင်ပါတယ်။ အဲဒီဇာတ်ကားဟာ The Amazing Spider-Man ဇာတ်ကားရဲ့ သီတင်းတစ်ပတ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆ သန်းထက် ပိုမိုများပြားခဲ့တာမို့ ဝင်ငွေအကောင်းဆုံးစံချိန်တင်နိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ Spider-Man ဇာတ်ကားဟာ အခုသီတင်းပတ်မှာတော့ ဒုတိယရုံဝင်ငွေ အကောင်းဆုံး ဇာတ်ကားဖြစ်ခဲ့ပြီး ယူနီဗာဆယ်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ Ted ဇာတ်ကားကတော့ သီတင်းတစ်ပတ်အတွင်း ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁ သန်းရရှိခဲ့ တာမို့ တတိယဝင်ငွေအကောင်းဆုံး ဇာတ်ကားဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် Brave ရုပ်ရှင်ကားကတော့ အခုသီတင်းပတ်မှာ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ၁၀ ဒသမ ၇ သန်း ရရှိခဲ့ပြီး စတုတ္ထဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပါတယ်။ Magic Mike ဇာတ်ကားကတော့ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၉ သန်းရရှိခဲ့ကာ ပဉ္စမနေရာမှာ ရပ်တည်နေခဲ့ပြီး Savages ဇာတ်ကားကတော့ တစ်ပတ်အတွင်း ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇ သန်းဖြင့် ဆဋ္ဌမနေရာမှာ ရှိနေပါတယ်။ နောက်ပြီး Tyler Perry's Madea's Witness Protection ဇာတ်ကားကတော့ ရုံဝင်ငွေအမေရိကန်ဒေါ်လာ ၅ ဒသမ ၆ သန်းရရှိခဲ့ပြီး Katy Perry:Part of Me ဇာတ်ကားကတော့ တစ်ပတ်ရုံဝင်ငွေ အမေရိကန် ဒေါ်လာ ၃ ဒသမ ၇ သန်း ရရှိခဲ့ပါတယ်။ (အင်တာနက်)

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်ဟီးဆွန်ပါဝင်သော Faith ရုပ်မြင်သံကြား ဇာတ်လမ်းတွဲပြသ

ဆိုးလ် ဇူလိုင် ၁၆

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်ဟီးဆွန် (ဝဲပုံ)ရဲ့ ဒရာမာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲသစ်ဖြစ်တဲ့ Faith ကို တောင်ကိုရီးယားနိုင်ငံတစ်ဝန်း မှာ ဇူလိုင် ၁၆ ရက်က စတင်ပြီး ထုတ်လွှင့်ပြသနေပြီ ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းတွဲမှာ ကင်ဟီးဆွန်ဟာ တောင်ကိုရီးယားရုပ်ရှင်မင်းသားလီမင်ဟိုနဲ့ တွဲဖက်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒါရိုက်တာ ကင်ဂျွန်ဟာက်က ဒီဇာတ်လမ်းတွဲကို ရိုက်ကူးထားတာဖြစ်ပြီး ပြီးခဲ့တဲ့ ဇူလိုင် ၁၃ ရက်က ပရိသတ်တွေကို မိတ်ဆက်ပြသတဲ့ပွဲမှာ ပရိသတ်တွေက နှစ်ခြိုက်သဘောကျခဲ့တယ်လို့ ဆိုပါတယ်။

ဒီဇာတ်လမ်းတွဲကို အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်တာဖြစ်ပြီး ၂၀၁၀ ခုနှစ်ကတည်းက ရိုက်ကူးမှုတွေစတင်ခဲ့တဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ အသက် ၃၅ နှစ် အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ကင်ဟီးဆွန်ဟာ Running Man အမည်ရှိတဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲသစ်ကိုလည်း မကြာမီထုတ်လွှင့်ဖို့ အစီအစဉ်ရှိပါတယ်။အဲဒီရုပ်မြင်သံကြားဇာတ်လမ်းတွဲကိုလည်း အက်စ်ဘီအက်စ်ရုပ်မြင်သံကြား လိုင်းက ထုတ်လွှင့်မှာဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ကင်ဟီးဆွန်ဟာ ၂၀၀၆ ခုနှစ် ကတည်းက Smile Again အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ရိုက်ကူးခဲ့ပြီး ကတည်းက ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ ရိုက်ကူးမှုတွေကို ခေတ္တရပ်နားခဲ့သူ ဖြစ်ပါတယ်။

ဒါပေမယ့် The Warring States အမည်ရှိတဲ့ ရုပ်ရှင်ကားကြီးကိုတော့ ၂၀၁၁ ခုနှစ်မှာ ရိုက်ကူးခဲ့ပြီး တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသနိုင်ခဲ့ပါတယ်။ အဲဒီရုပ်ရှင်ကားကိုတော့ ပရိသတ်တွေ နှစ်ခြိုက်အားပေးခဲ့ကြတာမို့ နောက်ထပ် ရုပ်ရှင်ကားသစ်တစ်ကားကို ထပ်မံရိုက်ကူးဖို့ စီစဉ်နေပါတယ်။

ရုပ်ရှင်မင်းသမီး ကင်ဟီးဆွန်ဟာ ရုပ်ရှင်ကားရိုက်ကူးမှုအနေနဲ့ ၂၀၀၅ ခုနှစ်က The Myth ဇာတ်ကားကို ဟောင်ကောင်ရုပ်ရှင်မင်းသား ဂျက်ကီချန်းနဲ့ တွဲဖက်ရိုက်ကူးခဲ့ပြီးတဲ့နောက် ရုပ်ရှင်ကားရိုက်ကူးမှု ခေတ္တရပ်နားခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်ကစတင်ပြီး ရုပ်ရှင်ကားရော ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေပါ ဆက်တိုက်ရိုက်ကူးနေတာမို့ တောင်ကိုရီးယားပရိသတ်တွေဟာ ရုပ်ရှင်မင်းသမီးကင်ဟီးဆွန်ရဲ့ ဇာတ်ကားတွေကို ကြည့်ရှုအားပေးခွင့်ရရှိကြတော့မှာဖြစ်ပါတယ်။ (အင်တာနက်)

မြင့်မောင်စိုး – စုစည်းသည်

လိုက်ဝယ်တာဝိတ်တန်း ခါးပတ်လုပွဲ ဂါစီယာက အမီယာခမ်းအားအလဲထိုး

လပ်စ်ဗီးဂတ်စ် ဇူလိုင် ၁၆

ဗြိတိသျှလက်ဝှေ့သမား အမီယာခမ်းနှင့် အမေရိကန်လက်ဝှေ့သမား ဒန်နီဂါစီယာတို့ ဇူလိုင် ၁၆ ရက်က လပ်စ်ဗီးဂတ်စ်မြို့၌ ဒဗလျူဘီအေလိုက်ဝယ်တာဝိတ်တန်းချန်ပီယံ ခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒန်နီဂါစီယာက လေးချီဖြင့် အလဲထိုးအနိုင်ယူခဲ့သည်။

အမီယာခမ်းသည် သုံးကြိမ်တိုင် ကြမ်းပြင်သို့ ဂါစီယာ၏ထိုးချခြင်းကို ခံခဲ့ရသည်။ ဂါစီယာသည် ပထမအချီ၌ပင် အမီယာခမ်းကို ဖိထိုးထားနိုင်ခဲ့သည်။ အမီယာခမ်းသည် တတိယအချီတွင် မျက်နှာတစ်ခုလုံးဖူးရောင်နေအောင် အထိုးခံထားရသည်။ စတုတ္ထအချီတွင် ပြန်လည်ထိုးသတ်ရန် ကြိုးစားခဲ့သော်လည်း ဂါစီယာ၏ ညာလက်သီးထိပြီး ကြမ်းပြင်သို့ အရုပ်ကြိုးပြတ်လဲကျသွားခဲ့ပြီး ပြန်မထနိုင်တော့၍ ဒိုင်လူကြီးများက ဂါစီယာအား အနိုင်ပေးလိုက်ရသည်။ (အပေါ်ပုံ)

"ကျွန်တော် ဒန်နီကို အတော်လေးစားသွားပါပြီ။ သူဟာ အလွန်ကောင်းတဲ့ တန်ပြန်ထိုးသတ်မှုနဲ့ အနိုင်ယူသွားတယ်။ ဒီအတွက် လေးစားမိပါတယ်" ဟု ဗြိတိသျှလက်ဝှေ့သမား အမီယာခမ်းက ပြောကြားသည်။ အမီယာခမ်းသည် ဒုတိယအကြိမ်မြောက် ဆက်တိုက်ရှုံးနိမ့်မှုပင်ဖြစ်သည်။ သူသည် ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ပီတာဆင်အား အငြင်းပွားဖွယ် ဒိုင်ဆုံးဖြတ်ချက်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ဂါစီယာသည် ၂၄ ပွဲထိုးသတ်ရာတွင် တစ်ပွဲမျှ ရှုံးနိမ့်ခဲ့ခြင်းမရှိပေ။ ယင်း ၂၄ ပွဲတွင် ၁၅ ပွဲမှာ အလဲထိုးအနိုင်ပွဲများဖြစ်သည်။ (အင်တာနက်)

အိုင်ဗရီကို့စ်တိုက်စစ်မှူးဒရော့ဘာအား တရုတ်ပရိသတ်များက သူရဲကောင်းအဖြစ် ကြိုဆို

ပေကျင်း ဇူလိုင် ၁၆

အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒီဒီယာဒရော့ဘာ (အောက်ပုံ) သည် ရှန်ဟိုင်း ရှန်ဟွာကလပ်သို့ ရောက်ရှိလာပြီဖြစ်ရာ တရုတ်ပရိသတ်များက သူရဲကောင်းသဖွယ်

ကြိုဆိုခဲ့ကြကြောင်း ဇူလိုင် ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် ၃၄ နှစ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာအား ရှန်ဟိုင်းပူဒေါင်းလေဆိပ်သို့ ဇူလိုင် ၁၄ ရက်က ရောက်ရှိခဲ့ရာ တရုတ်စူပါလိဂ်ပရိသတ်များက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ တိုက်စစ်မှူး ဒရော့ဘာအား ရှန်ဟိုင်း ရှန်ဟွာ ကလပ်က တစ်ပတ်လုပ်ခ လစာ ဒေါ်လာ ၃၀၀၀၀၀ (ပေါင် ၁၉၃၀၀၀)အထိပေးမည်ဖြစ်သည်။ ယင်းလစာသည် ကမ္ဘာ့လုပ်ခလစာ အမြင့်ဆုံးကြေးစားဘောလုံးသမားတစ်ဦးရရှိသည့် လစာဝင်ငွေဖြစ်သည်။တရုတ် ကလပ်များသို့ မကြာမီနှစ်များက နိုင်ငံရပ်ခြားနာမည်ကြီးကစားသမားများ လာရောက်ကစားလျက်ရှိရာ ဒရော့ဘာလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ (အင်တာနက်)

စကော့တလန်အိုးပင်းဖလား အိန္ဒိယဂေါက်သီးကစားသမားဆွတ်ခူး



ဆဲလ်တစ် ဇူလိုင် ၁၆

အိန္ဒိယဂေါက်သီးကစားသမား ဂျက်မီလ်ခါဆင်သည် ဇူလိုင် ၁၆ ရက်က စကော့တလန် အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျင်းပိုကစားပြီးနောက် ချန်ပီယံဆုဖလားဆွတ်ခူးရရှိသွားခဲ့သည်။ (ယာပုံ)

မီလ်ခါဆင်နှင့် အီတလီဂေါက်သီးကစားသမား မိုလီနာရီတို့သည် နောက်ဆုံးနေ့ပြိုင်ပွဲအပြီး ၁၇ ချက်စီ လျှော့ရိုက်ခဲ့ကြသည်။ လျှော့ရိုက်ချက်တူနေသဖြင့် ကျင်းပိုပြန်ကစားခဲ့ရာ ပထမကျင်း၌ပင် မီလ်ခါဆင်က ဘာဒီရပြီး ချန်ပီယံဆုဖလားကြီးနှင့်အတူ ဆုကြေး ငွေ ပေါင် ၄၇၀၀၀၀ တန် ချက်လက်မှတ်ကိုပါ ဆွတ်ခူးရရှိခဲ့သည်။ စကော့တလန်ဂေါက်သီးချန်ပီယံ ဝါရင်သည် တတိယနေ့တွင် ပြိုင်ဘက်များကို သုံးချက်အသာဖြင့် ဦးဆောင်ကစားခဲ့သော်လည်း နောက်ဆုံးနေ့ပြိုင်ပွဲ၌ အချက်ပိုကစားခဲ့ရခြင်းကြောင့် ဖလားနှင့် လွဲချော်ခဲ့ရသည်။ (အင်တာနက်)

စတမ်းဖို့ဒ် တင်းနစ်ပြိုင်ပွဲ တင်းနစ်မယ်ဆီရီနာဝီလျံ ဖလားဆွတ်ခူး

ကယ်လီဖိုးနီးယား ဇူလိုင် ၁၆

ဝင်ဘယ်ဒန်ချန်ပီယံ ဆီရီနာဝီလျံသည် ဇူလိုင် ၁၆ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပသော စတမ်းဖို့ဒ်ကလပ်ဆစ် တင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ တင်းနစ်မယ် ဗန်ဒေဝိချ်အား ၇-၅၊ ၆-၁ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားပြီ ဖြစ်သည်။ (ဝဲပုံ)

ဗိုလ်စွဲ

ဂရင်းဆလမ်ဖလား ၁၄ လုံးဆွတ်ခူးထားသည့် ဆီရီနာဝီလျံသည် ဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်မယ် ကိုကိုးဗန်ဒေဝိချ်အား အနိုင်ရပြီး ဒုတိယအကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်ကလည်း ယင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ သူမသည် ၂၀၀၅၊ ၂၀၀၆ ခုနှစ်က ဘယ်လ်ဂျီယံသူ ကလစ္စတားနှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ပြီးနောက် ဒုတိယမြောက် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲသူဖြစ်လာသည်။ဝီလျံ၏ စပေးဘောရိုက်ချက်သည် ဝင်ဘယ်ဒန်ပြိုင်ပွဲလောက် မရိုက်နိုင်ဘဲရှိသည်။ သို့သော် ကမ္ဘာ့အဆင့် ၄၃ ရှိ ဗန်ဒယ်ဝိချ်ကို ကောင်းစွာ ယှဉ်ပြိုင်နိုင်ခဲ့သည်။ ဆီရီနာဝီလျံသည် ဝင်ဘယ်ဒန်ပြိုင်ပွဲတွင် တစ်ဦး ချင်းဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သလို နှစ်ယောက် တွဲပြိုင်ပွဲတွင်လည်း အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံနှင့် ဝင်ဘယ်ဒန်ဖလားကို မကြာမီက ဆွတ်ခူးနိုင်ခဲ့သည်။ (အင်တာနက်)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၄) သူရတပ်ခွဲ၏ နေ့ဆွမ်းအလှူနှင့် မိတ်ဆုံစားပွဲ

၂၄-၇-၂၀၁၂ ရက်တွင်ကျရောက်မည့် (၂၀)နှစ်မြောက်ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကွယ်လွန်သွားကြသော သူငယ်ချင်းများအားရည်စူး၍ သံဃာတော်များအား နေ့ဆွမ်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းအမျှပေးဝေခြင်းနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများ (မိသားစုဝင်များအပါအဝင်) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက်/အချိန် - ၂၂-၇-၂၀၁၂ ရက်(တနင်္ဂနွေနေ့) ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ

နေရာ - ရွှာဟောင်းရွှေကြာပင် အောင်ရတနာဘုန်းကြီးကျောင်း အမှတ်(၇)မီးသတ်အနီး၊ နေပြည်တော်

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၉၃၃၆၀၈၄၊ ၀၉-၄၀၂၅၄၂၃၁၊ ၀၉-၄၉၂၄၂၀၁၁ (သီးခြားဖိတ်စာမပို့ပါ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဝါးတစ်ရာစက်မှုဇုန်)၊ မြေကွက်အမှတ် ၁-H၊ ဧရိယာ ၁ ဒသမ ၂၀ဧကရှိ စက်မှုဇုန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတစ်ရာစက်မှုဇုန်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁-H ဟု ခေါ်တွင်သည့် စက်မှုဇုန်မြေကွက်နှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိန်ကြည် (BI-၀၂၅၄၆၉) ၆/မအရ(နိုင်)၀၈၄၄၁၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon: (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ် ၃၂

ဒေါ်ခင်မော်စီ	**နှင့်**	ဒေါ်မြသန်းနွယ်
အမှတ် ၄၅၊ ရာဇာဓိရာဇ်လမ်း		အမှတ် ၇၈၇၊ ၂၁ လမ်း
(၃)ရန်ပြေရပ်ကွက်၊		(၇)ရပ်ကွက်၊
သာကေတမြို့နယ်၊		တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး		ရန်ကုန်တိုင်းဒေသကြီး
တရားနိုင်		**တရားရှုံး**

ယခင်ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၇၉ တွင် ချမှတ်ထားသော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၃ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ် ၇၈၇(ခ)၊လူနေရပ်ကွက်အမှတ်(၇)၊ ၂၁ လမ်း၊ မြေကွက်အကျယ်အဝန်းအလျား ပေ ၂၀×အနံ ပေ ၆၀၊ ဧရိယာ ၁၂၀၀ စတုရန်းပေအကျယ်ရှိ နှစ် ၆၀ ဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ဖြစ်ပါသည်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
(၃) လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သူ ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ရာခိုင်နှုန်း လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။
(၅) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေအားလုံးကို လေလံတင်ရောင်းချသည့်ရက်ပယ်၍ ၁၅ ရက်မြောက်တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဆုံးရုံးတော်စတင်ဖွင့်လှစ်သည့်ရက်တွင် ပေးသွင်းရမည်။
(၆) လေလံကျန်ငွေများကို အထက်ပါရက်များတွင်ပေးဆောင်ရန် ပျက်ကွက် ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
(၇) လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးဆွေဦး
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၇၁၀နှင့် ဆက်သွယ်သည့် ၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၁

ဦးစိုးဝင်းမြင့်	နှင့်	ဦးထွန်းထွန်း(ခ)ဟူစိန်အာမက်
အနိုင်ဒီကရီရသူ		**တရားရှုံး**

ဦးထွန်းထွန်း(ခ)ဟူစိန်အာမက် အခန်း ၅၊ တိုက်အမှတ် ၁၃၈၊ (၄၂)လမ်း၊ ၈ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ် ၇၁၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုးဝင်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၂ခုနှစ် ဇူလိုင်လ ၃၀ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်)နေ့မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နွယ်နွယ်ရီ
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀၁

ဦးကျင်စိန်	**နှင့်**	မောင်သန်းမြင့်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၁၂၂နေ တရားပြိုင်မောင်သန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရင်ရင်သန်း
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁/ခ(၂၀၁)၊ ဧရိယာ ၀ ဒသမ ၀၇၈ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိပိုင်ဆိုင်သူများဖြစ်သော (၁) ဦးအောင်ခိုင် ၇/ကဝန(နိုင်)၀၀၀၄၂၃၊ (၂) ဒေါ်ခင်မကြူဖေ ၁၂/ကမတ(နိုင်)၀၀၀၀၄၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ ၂ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ခေမာသီလမ်းသွယ်၊ အမှတ် ၆၆၉/ခ ဟုခေါ်တွင်သော ဧရိယာပေ(၂၀×၆၀)ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေငှားစာချုပ်အမှတ် မဥ/ဂရန်သစ် ၀၂၁/၉၉၊ အမှုတွဲအမှတ်/နေ့စွဲ-မဥ-ဂရန်ခွဲ ၁၂/၉၉ ၂-၂-၉၉ လူနေရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် ၆၆၉/ခ၊ မြေကွက်လိပ်စာအမှတ် ၆၆၉/ခ၊ ခေမာသီလမ်းသွယ်၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်သိန်းမြင့် ဂရန်အမည်ပေါက် ပိုင်ဆိုင်ပြီး ဒေါ်သိန်းမြင့်မှာ ၁၃-၁-၂၀၀၉ ရက်တွင် ကွယ်လွန်သဖြင့် ၄င်း၏တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်သော (၁) ဦးညွန့်ဆွေ၊ (၂) ဒေါ်ညွန့်ညွန့်ရီ၊ (၃) ဦးသန်းမြင့်၊ (၄) ဒေါ်လှလှမြင့်၊ (၅)ဒေါ်ယုယုသန်း၊ (၆) ဦးအောင်သူ၊ (၇)ဒေါ်ယဉ်ယဉ်ထွေး၊ (၈) ဦးခင်မောင်ဝင်းတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲလင်းနိုင် (LL.B)
အထက်တန်းရှေ့နေ၊ စဉ်-၃၆၄၁၉
ရှေ့နေရုံးခန်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊
ဖုန်း-၀၉-၄၄၈၀၁၃၇၉၆

ဆက်သွယ်ပါ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံထောက်ကြန့် စိန်ရွှေကုန်း မိုးကုတ်ဝိပဿနာ ဇနိတာရာမ တောရဓမ္မရိပ်သာ၌ ယောဂီများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်တစ်ဦးလိုအပ်လျက်ရှိပါသည်။ လာရောက်တွေ့ဆုံနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၅၈၁၆၇၅
ဇနိတာရာမတောရဓမ္မ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီးတရားရုံး၏ ၂၀၀၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၆၄ တွင် ချမှတ်ခဲ့သော ၂၀-၁-၂၀၁၀ ရက်စွဲပါဒီကရီအရ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၉သုဝဏ္ဏ၊ မြေကွက်အမှတ် ၂၇၊ ဧရိယာ ၀ ဒသမ ၀၈၅ဧကရှိ နှစ်၆၀မြေငှားမြေနှင့် မြေပေါ်ရှိအမှတ် ၂၇၊ ရွှေဝါထွန်းလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ၏ ပိုင်ရှင်များဖြစ်သည်ဟု မြွက်ဟကြေညာထားသော ဦးအောင်သွင် ၁၂/အလန(နိုင်)၀၃၇၁၉၁နှင့် (၂)ဒေါ်စောကလျာဦး ၁၂/ကမရ (နိုင်)၀၁၃၆၈၀ [၄င်းတို့၏အထွေထွေကိုယ်စားလှယ် ဦးဇော်ဇော်နိုင်အောင် ၁၂/ သကတ(နိုင်)၁၄၇၃၁၇]တို့ထံမှ အဆိုပါမြေနှင့်အဆောက်အအုံတို့ကို အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးကျော်နိုင်
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၈၉၃၊
အမှတ် ၅၆၃၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့၊ ရန်ကုန်မြို့

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၀-အေ၊ မြေကွက်အမှတ် ၁၄၁/က ခေါ်တွင်သည့် မြေကွက်ထဲမှ အမှတ် ၅၃၄၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာသစ်အရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအေးဝင်းနိုင် ၁၂/အစန(နိုင်)၀၀၂၉၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင်	**ဦးဉာဏ်လင်းထက်၊ ဒေါ်အေးပွင့်ဖြူ၊ ဒေါ်ကြည်ကြည်ထွေး**
(တရားလွှတ်တော်ရှေ့နေ)	**(အထက်တန်းရှေ့နေများ)**

အမှတ် ၁၇၊ လေးလွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇) ရပ်ကွက်၊ခေတ္တာလမ်း၊ အမှတ်(၁၇/၃၂၀)(ပတလ)ဟုခေါ်တွင်သော် ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးတင်ညွန့်နှင့် အကျိုးခံစားခွင့်ရှိသူ ဦးမြတ်ဇော်စိုးလတ်တို့ထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးဝင်းလွင်နှင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူပြီး ကျွန်ုပ်မိတ်ဆွေမှစရန်ငွေ တချို့တစ်ဝက်ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း(LL. B)	**ဒေါ်မြသက်ဦး(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၂၂၆၂)	**အထက်တန်းရှေ့နေ(စဉ်-၃၄၃၂၀)**

ရုံး၊ တိုက် ၉/၁၁၊ အခန်းအမှတ် (005-B)
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၇၆၆၀၇၊ ၀၉-၄၂၀၀ ၄၁၉၃၈

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်း စက်ခန်းအုပ်လက်မှတ် အမှတ်-စမဒ-၇၁/၂၀၀၆ နေ့စွဲ ၂၃-၁-၂၀၀၆သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဦးစိန်ဗိုလ်တင့် ဖုန်း-၀၉-၇၃၀၇၅၇၆၈

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရွှေဂန္ဓမာ/၁၁၈၀၈ လိုင်စင်ကြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဦးမြင့်အောင်
ဖုန်း-၀၉-၇၃၀၈၂၈၇၆

ဆက်သွယ်ပါ

ကက/ CNG

နေ့/ည ယာဉ်မောင်းအလိုရှိသည်။

ဖုန်း-၀၉-၄၉၂၇၇၈၈၆

၀၉-၇၃၂၂၅၄၈၀၊ ၀၉-၅၀၀၉၂၃၃

ဖခင်အမည်မှန်

အထက-၆၊ ရွာမ၊ အင်းစိန်၊ အဋ္ဌမတန်း(A)မှ မထက်ထက်အောင်နှင့် ပဉ္စမတန်း(B)မှ မောင်ကောင်းဆက်လှိုင် တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်သိုက် ဖြစ်ပါသည်။

ဦးအောင်သိုက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၂၊ပေါင်းလောင်း(၂)၊ ၁၃လမ်း၊ မြေကွက်အမှတ် ၁၆၈၄၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးညီညီ အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဒေါ်လှသူဇာဝင်းမှ အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

ဒေါ်လှိုင်လှိုင်ဝင်း
မှတ်ပုံတင်အမှတ်၉/ပမန(နိုင်)၁၂၆၉၉၇
အမှတ် ၁၅/၆၆၉၊ စိန်ချယ်လမ်း၊ ပေါင်းလောင်း(၂)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မဥမ္မာ ၁၂/ဗတထ(နိုင်)၀၁၈၈၄၂ အဖ ဦးလှမောင်၏ သမီးသည် လူမှုကျင့်ဝတ် ဖောက်ပြန်သောကြောင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဒေါက်တာမြင့်ဦး(ခ)ဦးမြင့်ဦးဌေး ၁၂/ဗတထ(နိုင်)၀၁၃၁၁၂



သစ်မွှေး

(မျိုးကောင်းမျိုးသန့်)

ပျိုးပင်ရမည်။

Shwe Bagan Group

ဖုန်း-၀၉-၄၅၀၀၃၇၉၁၂

မွေးသက္ကရာဇ်အမှန်

ဦးဆန်းလှိုင်၏သား အလက-၂၊ မ/ဉ၊ Grade-9(A) မှ မောင်အောင်ပြည့်ဖြိုးပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၈-၁၉၉၈ ဖြစ်ပါသည်။

မောင်အောင်ပြည့်ဖြိုးပိုင် ၂-၈-၁၉၉၈

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ
ရဲမှူးကြီးလှမျိုး(ငြိမ်း)-ဒေါ်ခင်ခင်ဦးတို့၏သား
ရဲမှူးကြီး မျိုးမင်းထိုက်
B.Sc(Physics)
သတင်းတပ်ဖွဲ့(နေပြည်တော်)
နှင့်
မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ
ဒေါက်တာဦးအေးချို-ဒေါ်သီတာစိန်(ငါးသုံးလုံးသက်န်း)တို့၏ သမီး
မရည်မွန်ချို
M.C.Sc (Thesis)

တို့၏ ၇-၇-၂၀၁၂ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဦးလူနီနှင့်ဇနီး ဒေါ်ခင်မမသောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ရဲမှူးကြီး အောင်ကြီး (ငြိမ်း) နှင့်ဇနီး ဒေါ်ညိုညိုတင်တို့အား လည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်မြင့်၊ မင်္ဂလာပန်းကြဲပေးပါသော သမီးငယ် အိန္ဒြေချို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မမေလမင်းမောင်၊ သတို့သားအရံ ရဲမှူးလင်းဦးနှင့် သတို့သမီးအရံ ဒေါက်တာလွင်မွန်ဉာဏ်သိန်းတို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ရဲမှူးကြီးမျိုးမင်းထိုက်-မရည်မွန်ချို

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ယန္တရားတပ်ခွဲများ၊ ပင်မအလုပ်ရုံများနှင့် ရုံးချုပ်ယာဉ်ရှိ အုပ်ချုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ဝန်ထမ်းကြို/ပို့ယာဉ်များ၊ စက်သယ်ယာဉ်ကြီးများနှင့် လုပ်ငန်းသုံး စက်/ယာဉ်များအတွက်လိုအပ်သော တာယာအရွယ်စုံ ၁၅၆၄ လုံးနှင့် ဘက်ထရီအရွယ်စုံ ၄၇၄လုံးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၇-၂၀၁၂ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၂ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊
တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုဦးစီး၊ ဝယ်ယူရေးဌာန၊
ရုံးအမှတ် ၄၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၄၀၄၁၇၆၊ ၄၀၇၁၇၃

သားသားလေး မောင်ရှင်းသန့်(ခ)
Lat Kareng Myusan အတွက်
(၃)နှစ်ပြည့်မွေးနေ့ အမှတ်တရ

၁၇-၇-၂၀၁၂ ရက်မှာ ကျရောက်တဲ့ သားလေးရဲ့ မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး ဦးနှောက်နဲ့ နှလုံးသားမျှတစွာ ကြီးထွားလို့....

- တစ်ပါးသူကို မငိုကြွေးစေဘဲ ပျော်ရွှင်ရတဲ့သူ
- တစ်ပါးသူကို မပူလောင်စေဘဲ အေးချမ်းရတဲ့သူ
- တစ်ပါးသူကိုမနစ်နာစေဘဲ ကြီးပွားချမ်းသာရတဲ့ သူဖြစ်ပါစေ-

သားကိုချစ်တဲ့-
ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ တီတီဝင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန်ကြေညာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	၁/၂၀၁၂-၂၀၁၃/မမ	(၁) ဆီပျက်(၇၉၇၁)ဂါလန်နှင့် မီးထိုးဆီပျက်(၃၀၂)ဂါလန်	(1 Lot)
		(၂) Roller Bearing Scrap(454)Nos အပါအဝင်ပစ္စည်း(၁၀)မျိုး	(1 Lot)
		(၃) Drum Scrap(450)Nos	(1 Lot)
၂။	၂/၂၀၁၂-၂၀၁၃/မမ	(၁) ချောဆီဟောင်း(၄၉၀၀)ဂါလန်	(1 Lot)

တင်ဒါပိတ်ရက်/အချိန် - ၂၆-၇-၂၀၁၂ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၈-၇-၂၀၁၂ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ/ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၉၁၊ ၂၉၁၉၉၄

တိုက်ခန်းငှားမည်

ဗိုလ်ချုပ်လမ်း၊ တတိယထပ်
ပေ (၁၃×၆၀)ထပ်ခိုး၊ ကြိုးဖုန်း၊
Air-con၊ ရေခဲသေတ္တာ၊
ညှိနှိုင်းဈေး။
ဖုန်း-၂၉၆၇၀၃၊ ၀၉-၅၁၁၇၆၁၄

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၁၂ရက်စွဲပါမြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၃) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ၌ ၂၈-၄-၂၀၁၀ အစား ၂၈-၄-၂၀၁၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။



အမည်ပြောင်း

ဦးဇော်ဦးဟန်၏သား မောင်အောင်မဏိဟိန်း TTC. Grade II(A)လှိုင်အား မောင်အောင်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်မင်းခန့်



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၆၁၇၊ ဧရိယာ ၀ဒသမ၀၅၇၈ကေရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သန်းနိုင် SRM-၀၁၇၅၆၅မှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၅၅၁/၁၂ ဖြင့် လွှဲအပ်ပေးထားပြီး ရောင်းချပိုင်ခွင့်အဆိုရှိသူ ဒေါ်သီတာ ၁၂/ဥကတ(နိုင်)၀၁၈၄၁၆ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော်(စဉ်-၁၀၉၃၈)
LL.B, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ
အမှတ် ၁၆၈၊ ပထမထပ်(ယာ)၊ ၃၇လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၁-၃၈၈၆၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၈၀၆၊ မြေကွက်တည်နေရာ အမှတ် ၈၀၆၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်ခင်ဌေး အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်ဌေးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၇၉/၁၁/၁၄-၂-၁၁ ဖြင့် ဒေါ်နန်းညွန့်မေ ၁၃/တကန(နိုင်)၀၈၅၇၀၀ ရရှိသူမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

PEARL LAND TRAVELS & TOURS CO., LTD.

နောင်တစ်ခေတ်၏ဆောင်းစစ်သည်
စစ်တက္ကသိုလ်သမိုင်း-ပထမပိုင်း
(၁၉၅၄-၁၉၆၅)
ထွက်ပြီ

GL
0973040050, 0973040051, 0973040052
095136466, 098636466

ဗိုလ်ချုပ်အောင်ဆန်းကွင်းထဲမှာ ... ၂၂-၇-၂၀၁၂
Foreign Exchange Rate (Mother of all Prices)

FOREVER
SPORTS JOURNAL

ပြည့်
ရာထူးဝင်ခွင့်သင်တန်း

မိုးမိုးကျော်
Any Call : 681155, 681243, 681383, 686666,
09 730 58795, 09 517 3737

ရွှေမြင်းမိုရ် စာစီစာကုံးများ
ထွက်ပြီ

မွန်မြတ်ဆေးခန်း
ရန်ကုန်မြို့
မော်လမြိုင်မြို့
Ph:01-225532,09 73171033
Ph : 09 401585945

ဘဝပတ်ဝန်းကျင်
ချစ်ခင်သူများ၏ ရင်ထဲမှာ...

မိမိစေတနာက
မိမိကိုအကျိုးပေး၏
ဗုဒ္ဓဘာသာဆိုတာ
သခင်အောင်ဖေ

LCCI
Level 1-2-3-4
MYOB
LCCI Level 1+2
09-5118847, 73009809, 73013432, 73020423

တန်မှဝယ်ပါ

FMI City၊ ပေ၄၀×ပေ၆၀၊ နေရာကောင်း၊ အရှေ့လှည့်၊ အဆောင်ချဲ့၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ RC နှစ်ထပ်တိုက်၊ 3MBR၊ AC နှစ်လုံး၊ လိုင်းဖုန်းပါ။ **ဖုန်း-၀၉-၄၉၂၇၇၈၈၆၊ ၀၉-၇၃၂၂၅၄၈၀၊ ၀၉-၅၀၀၉၂၃၃**

ရောင်းမည်

သန်လျင်၊ ကျောက်တန်း စံချိန်မီ (၁)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ ပါမစ်မြေ။ ရောင်းဈေး-ကျပ်သိန်း ၁၀၀။ **ဖုန်း-၅၃၆၁၇၈၊ ၀၉-၄၃၁၀၉၄၆၈**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (A) မှ မရယ်ရှင်း၏ ဖခင်အမည်မှန်မှာ ဦးဆာဖန် ဖြစ်ပါသည်။

အမည်မှန်

ဦးဆာဖန်၏သမီး မြစ်ကြီးနားမြို့ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မရယ်ရှင်း၏ အမည်မှန်မှာ မရယ်ဆင်း ဖြစ်ပါသည်။

မရယ်ဆင်း

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၂၁၆၁၊ Toyota Sprinter၊ S/W(4×2) R&D ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းယု ၁၂/အလန(နိုင်)၀၁၄၇၈၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်သွင်သူဇာဖြူ(ဘ) ဦးထိန်ဝင်း၏သမီး ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် M-၃၁၃၀၃၅သည် ၁၃-၄-၂၀၁၂ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၇၃၁၀၉၀၈၈၊ ၀၉-၄၃၀၅၁၂၉၆**

ဖခင်အမည်မှန်

ဟိုပင်၊ မြသီတာ၊ အထက(၂)၊ အဋ္ဌမတန်း(A)မှ မဆိုင်းနူးနူး၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင်စိုး ဖြစ်ပါသည်။

YANGON LIFESTYLE & AUTOMOBILE SHOW
19.7.12 မှ 22.7.12 SMART BUSINESS GROUP Ph: 01-527583, 09 730 14777, 09 50 99079

မိုးယံခွန်၏ "ဝေလီဝေလင်မြစ်ကူးများ" စာအုပ်အား ... Perfect ...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရှိ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများပူးပေါင်း၍ (Joint Venture)ဆောင်ရွက်ပြီး စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူရာတွင် တင်ဒါပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း စသည့်လုပ်ငန်းများ ပြုလုပ်နိုင်ရန် နိုင်ငံတကာ အတွေ့အကြုံရှိသော Consultant ကုမ္ပဏီ/အဖွဲ့အစည်းများအား အဆိုပြုလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာနအနေဖြင့် မိဘပြည်သူများ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ သုံးစွဲနိုင်ရန်ရည်ရွယ်၍ ပြည်တွင်းပြည်ပရှိ စာတိုက်လုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့်ပူးပေါင်း၍ (Joint Venture)ဆောင်ရွက်ပြီး စာတိုက်လုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူ၍ စိစစ်ရွေးချယ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်း ဖြစ်စေရန်၊ နိုင်ငံတကာစံချိန်စံညွှန်းများအတိုင်းဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် တင်ဒါခေါ်ယူရန်ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်တို့တွင် Consultant အဖြစ်ဆောင်ရွက်ပေးနိုင်မည့် နိုင်ငံတကာအတွေ့အကြုံရှိသော Consultant ကုမ္ပဏီ/အဖွဲ့အစည်းများ၏ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ အတွေ့အကြုံနှင့် အကြံဉာဏ်များကိုရယူဆောင်ရွက်သွားလိုပါသည်။ သို့ပါ၍ အထက်ပါ Consultancy လုပ်ငန်းအားဆောင်ရွက်လိုသည့် Consultant ကုမ္ပဏီ/အဖွဲ့အစည်းများအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ဆောင်ရွက်လိုသည့် Consultant ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါလိပ်စာအတိုင်း ၁၅-၈-၂၀၁၂ရက် ၁၆း၃၀နာရီမတိုင်မီ အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်ဗဟိုစာတိုက်ကြီး
တယ်လီဖုန်းအမှတ်-၉၅-၆၇၄၂၀၆၁၁နှင့် ၉၅-၆၇၄၂၀၆၂၂
Email-myanmarpostjv @ mptmail.net.mm

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

MINISTRY OF COMMUNICATIONS, POSTS AND TELEGRAPHS
MYANMA POSTS AND TELECOMMUNICATIONS
Invitation to Tender

1. Tender are invited by Myanma Posts & Telecommunications, the Ministry of Communications, Posts & Telegraphs for the supply of the following stores which will be Purchased in United States Dollars.

Sr. No.	Description	Qty
1.	Cisco STM-16 Interface Card (Cisco 7600 series)	2-Sets
2.	Cisco 4 port 10 G Interface	2-Sets
3.	VPN Security Appliance	1-Set
4.	Access Switch ME 3600X-MPLS support	1-No
5.	DNS/DHCP Adonis 1750R	1-Set
6.	Cisco Secure ACS 4.2 for Windows	1-Set
7.	Dell R710 Server [Dell TM Power Edge TM R710 Rack Mount server (2U rack server)]	1-No
8.	Access Switch ME 3600X-MPLS Support	1-No
9.	Cisco ASR 1004 (BRAS)	1-No
10.	ADSL system accessories	1-No

2. Tender Closing Date (27.7.2012) (Friday) (16:00 HR)
3. Tender documents are available at the Stores Department, Myanma Posts & Telecommunications, No. 43, Bo Aung Kyaw Street, Yangon, Myanmar, during the office hours.
4. For further details please call 01-380231

Managing Director
MYANMA POSTS AND TELECOMMUNICATIONS

အထူးလျှော့ဈေးဖြင့်ရောင်းမည်

စက်မှုဝန်ကြီးဌာနမှ အရည်အသွေးမီ ထုတ်လုပ်ထားသော Radial တာယာများကို ဖော်ပြပါအတိုင်း လျှော့ဈေးဖြင့် လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

Sr.No	Tyre Size	Price (Kyat)
(1)	155 R12	21,000
(2)	165/70 R13	22,000
(3)	175/70 R13	25,000
(4)	185/70 R13	27,000
(5)	195/70 R14	32,000
(6)	205/60 R15	33,000
(7)	235/75 R15	48,000
(8)	275/70 R16	76,000

ဆက်သွယ်ရန် လိပ်စာ-(K-39) ဘုရင့်နောင်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၈၂၉၉၇၊ ၀၁-၆၈၃၂၁၆၊ ၀၁-၆၈၃၄၉၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် Internet ဆက်သွယ်ခြင်းနှင့် Wireless Netword အဆင့်မြှင့်တင်ပြင်ဆင်ခြင်း လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၇ရက် ညနေ ၁၆း၀၀နာရီတွင် ပိတ်မည်ဖြစ်ပြီး Internet ဆက်သွယ်ခြင်းနှင့် Wireless Netword အဆင့်မြှင့်တင်ပြင်ဆင်ခြင်းလုပ်ငန်း၏ အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဤတက္ကသိုလ်ငွေစာရင်းဌာနသို့ လာရောက်စုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၆၈၆

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအတွက် Aviation Lubricating Oil & Grease (7) ltemsကို အမေရိကန်ဒေါ်လာ (CIF Yangon)၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၂
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၈-၂၀၁၂
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၃း၀၀နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနမှ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-
စတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၂ရက် နံနက် ၉း၃၀နာရီ
၄။ **တင်ဒါပိတ်ရက်** - ၈-၈-၂၀၁၂ရက် ညနေ ၁၆း၀၀နာရီ

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၇

ဦးစိုးညွန့်	နှင့်	ဦးအေးသိန်း
(၄င်း၏ကိုယ်စားလှယ်စာ		၉/ပမန(နိုင်)၀၀၃၂၅၇
ရသူ-ဦးနိုင်ထွန်း)		(ယခင်လိပ်စာ)ရန်အောင်
		(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊
တရားလို		**တရားပြိုင်**

အထက်အမည်ပါတရားပြိုင် ဦးအေးသိန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်စာတမ်းချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်)၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ အခွင့်ရကိုယ်စားလှယ်၊ အခွင့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက်(၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အစဉ်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင်သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရဲဝင်းရှိန်
မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၂ခုနှစ် ဇူလိုင် ၁၉ရက် (ကြာသပတေးနေ့) အာဇာနည်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဇူလိုင်လအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

Strategic Management Course for Entrepreneurs

စတင်ဖွင့်လှစ်မည့်ရက် - ၂၀-၇-၂၀၁၂ရက်မှ ၂၉-၇-၂၀၁၂ရက် (ညနေပိုင်း ၁၀ရက်သင်တန်း)
သင်တန်းကြေး - ၃၅၀၀၀(ကျပ်သုံးသောင်းငါးထောင်တိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် အိန္ဒိယမှ ပါမောက္ခတစ်ဦးတို့ပါဝင်သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် -ပါရမီလမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ) ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၆၆၀၆၅၉

အမည်မှန် တောင်ကြီးမြို့၊အထက(ခွဲ)၊ အလက(၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်မောင်ဖြူ၏အမည်မှန်မှာ ခွန်ကွန်းဖြူ ၁၃/ကတလ(နိုင်)၀၁၂၀၉၅ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်ရွှေ ၁၃/တကန(နိုင်)၁၅၄၉၅၀ ဖြစ်ပါကြောင်း။

နှစ်(၈၀)ပြည့် မွေးနေ့ဆုတောင်း

တောင်ကြီးမြို့၊ မြို့မရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၂၅နေ **ဦးလေးဦးတင်ဝင်း(အောင်မြတ်ကုမ္ပဏီ)**၏ ယနေ့တွင်ကျရောက်သည့် နှစ်(၈၀)ပြည့် မွေးနေ့မှသည် နှစ် ရာကျော်အထိ အဒေါ်၊ သားသမီး၊ မြေးများနှင့်အတူ တိုင်းပြည်အကျိုး၊ သာသနာအကျိုး၊ အများအကျိုး ဆတက်တိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

အိမ်တော်လမ်းလျှောက်အဖွဲ့များ၊ တောင်ကြီးမြို့

အထက(၃)၊ ပန်းဘဲတန်း(ရန်ကုန်)
ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အထက(၃)ကျောင်း၏ ဒုတိယအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို ၉-၉-၂၀၁၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ ၅နာရီအထိ Central Hotel မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ လူမျိုးဘာသာမရွေးတက်ရောက်ကြပါရန်နှင့် အငြိမ်းစားဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ အမြန်ဆက်သွယ်ပေးကြပါရန် ရိုသေလေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အလှူခံပေးမည့် ကျောင်းသား/ကျောင်းသူများ အလှူခံစာအုပ်နှင့် ဖိတ်စာများကို ဦးညီညီဦး(ကျော်လှပုံနှိပ်တိုက်) အမှတ် ၂၁၇၊ (၃၂)လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်သို့ လာရောက်ထုတ်ယူနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးယာယီကော်မတီ

ငြင်းချက်ထုတ်ရန် သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
ပျဉ်းမနားမြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဦးစိုးညွန့်	နှင့်	ဦးသောင်း
(၄င်း၏ကိုယ်စားလှယ်စာ		၉/ပမန(နိုင်)၀၁၁၃၅၇
ရသူ-ဦးနိုင်ထွန်း)		(ယခင်လိပ်စာ)ပေါင်းလောင်း
		(၃)ရပ်ကွက်၊ပျဉ်းမနားမြို့နယ်၊
တရားလို		**တရားပြိုင်**

အထက်အမည်ပါတရားပြိုင် ဦးသောင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်စာတမ်းချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ အခွင့်ရကိုယ်စားလှယ်၊ အခွင့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက်(၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အစဉ် ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရဲဝင်းရှိန်
မြို့နယ်တရားသူကြီး
ပျဉ်းမနားမြို့နယ်တရားရုံး

သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့နှင့် သဲကုန်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D)အား အမှူးထား၍ သင်္ဃာ၊ စီမံနှင့် စာသင်သားသံဃာတော်များအား (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့)၂-၈-၂၀၁၂ ရက် နံနက် ၈ နာရီအချိန်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပမည့် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲသို့ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ အလှူရှင်များသည် ဦးကျော်ရှိန် ဖုန်း-၅၈၁၇၇၇၊ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၆၁၁၈၇၈၊ ဦးသန်းလွင် ဖုန်း-၀၉-၅၀၂၀၈၃၅၊ ဦးချစ်ရင် ဖုန်း-၂၉၁၆၆၈၊ ဦးဝမ်းမြင့် ဖုန်း-၀၉-၄၉၂၂၈၈၅၃၊ ဦးကြည်ဝင်း ဖုန်း-၅၅၆၆၂၃၊ ဒေါ်စုစု ဖုန်း-၂၀၀၉၉၇၊ ဦးစိုးမြင့် ဖုန်း-၀၉-၇၃၀၄၁၀၆၈၊ ဦးဇော်ဝင်း ဖုန်း-၀၉-၇၃၀၂၀၇၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့နှင့်
သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)

မြတ်တံခွန်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ပိုင်းရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်ကျောင်းတိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက်) ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ဖုန်း-၀၉-၇၃၁၄၇၁၄၃၊ ၀၉-၅၁၁၉၉၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ချောက်မြို့ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲများ ဖိတ်ကြားလွှာ

ချောက်မြို့၊ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံမိသားစု၏ ဝါဆိုသင်္ကန်းကပ်လှူပွဲများကို သက်ဆိုင်ရာမြို့အလိုက် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြမည်ဖြစ်ရာ ဆရာကြီး ဆရာမကြီးများနှင့် သူငယ်ချင်းများအားလုံးတို့သည် နီးစပ်ရာမြို့များတွင်ကျင်းပမည့် ဝါဆိုသင်္ကန်းကပ်လှူပွဲများသို့ မပျက်မကွက် တက်ရောက်နိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။ **(သီးခြားဖိတ်စာမပို့ပါ)**

အစီအစဉ်

နေရာ		**နေ့ရက်**	**အချိန်**
ရန်ကုန်	အဘိဓမ္မာရတနာဃရဓမ္မဗိမာန် ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်	၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)	နံနက် ၉း၀၀မှ မွန်းတည့် ၁၂း၀၀ နာရီအထိ
မကွေး	ဝေဠုဝန်ကျောင်းတိုက် (မြသလွန်ဘုရားအနီး)	၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)	မွန်းလွဲ ၁း၀၀ နာရီမှညနေ ၃း၀၀နာရီအထိ
မန္တလေး	၃၁×၇၁ထောင့်၊နန်းဦးတိုက် မော်လမြိုင်ကျောင်း၊ ချမ်းအေးသာဇံ	၅-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့)	နံနက် ၉း၀၀မှ မွန်းတည့် ၁၂း၀၀ နာရီအထိ

လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်	(၁) ဦးမျိုးချစ်	ဖုန်း-၀၉-၇၃၁၁၄၅၆၈
	(၂) ဦးညီညီထွန်း	ဖုန်း-၀၉-၅၁၀၄၃၃၅
	(၃) ဦးညီညီထွန်း	ဖုန်း-၀၉-၅၁၀၂၉၉၄
	(၄) ဦးအောင်မြ	ဖုန်း-၀၉-၅၀၅၇၀၂၄
မကွေး	(၁) ဦးခင်မောင်ဝင်း	ဖုန်း-၀၉-၅၃၄၀၄၉၅
	(၂) ဦးအေးမင်း	ဖုန်း-၅၃၄၀၇၈၇
	(၃) ဦးနေထွန်းအောင်	ဖုန်း-၅၃၄၀၅၈၃
မန္တလေး	(၁) ဦးစိန်ဝင်း	ဖုန်း-၀၉-၄၃၁၇၂၄၄၀
	(၂) ဦးထွန်းဝင်း	ဖုန်း-၀၉-၂၀၀၉၈၃၅

ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၃)လမ်း၊ အမှတ် ၅ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

